# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂)တွင် အမှာစကားပြောကြား

## တိုင်းပြည်၏ ဘဏ္ဍာငွေတိုးတက်ရရှိမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လိုအပ်သောထောက်ပံ့မှု၊ ပံ့ပိုးမှုများနှင့် တိုင်းပြည်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၅

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၂) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ✻*


## ယနေ့ ဖတ်စရာ


လူမှုစီးပွားဘဝ သာယာဝပြောရေးအတွက် မြန်မာ့တက္ကသိုလ်များ — ဆောင်းပါး | စာ - ၁၀

နိုင်ငံခြားငွေလဲလှယ်မှု အကျပ်အတည်းကြောင့် သီရိလင်္ကာနိုင်ငံ၌ ဒီဇယ်ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ — နိုင်ငံတကာရေးရာ | စာ - ၁၄

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များအားလုံး အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ — ဆောင်းပါး | စာ - ၁၆

မြန်မာ့အလင်း

# လယ်ယာစိုက်ပျိုးရေးကဏ္ဍ ကုန်ထုတ်လုပ်မှုမြှင့်တင်

မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်နိုင်သည့် အရွယ်ရှိသူ ၅၂ ဒသမ ၂ ရာခိုင်နှုန်းမှာ လယ်ယာကဏ္ဍတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နေကြသည်။ မိမိတို့နိုင်ငံသည် ရှေးပဝေသဏီခေတ်အဆက်ဆက်ကပင် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ခဲ့သော်လည်း အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် လူတစ်ဦးချင်းအနေဖြင့်ရော မြေတစ်ဧကချင်းအနေဖြင့်ပါ ထုတ်လုပ်နိုင်စွမ်း အနိမ့်ဆုံး၌ ရပ်တည်နေသည်။ သို့ဖြစ်၍ ဝင်ငွေချင်းနှိုင်းယှဉ်ပါကလည်း လွန်စွာ ကွာခြားလျက်ရှိနေသည့်အလျောက် မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသများမှ လူငယ်များမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်များကို စွန့်လွှတ်ကာ ကျွမ်းကျင်မှုနည်းပါးသော အဆင့်နိမ့်ရွှေ့ပြောင်းလုပ်သားများအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။

စိုက်ပျိုးရေးကဏ္ဍမှ လူငယ်လူရွယ် အများအပြား ကျေးလက်ကို စွန့်ခွာကြသည့် အကြောင်းများတွင် အလုပ်ကြမ်းသလောက် လုပ်အားခနည်းပါးလွန်းခြင်း၊ တစ်ရာသီသာ လုပ်ကိုင်ရပြီး ကျန်အချိန်များတွင် အလုပ်လက်မဲ့ဖြစ်ရခြင်းနှင့် လယ်ယာလုပ်ငန်းခွင် ရပ်နားထားရသည့်ကာလတွင် ဝင်ငွေရနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း စသည်တို့ကြောင့် စိုက်ပျိုးမြေပိုင်ဆိုင်မှု မရှိသူတို့ အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့သွားကြသည့်အပြင် မြေယာရှိသူတို့မှာလည်း မြေ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အားလုံးကိုဖြစ်စေ ရောင်းချကာ အခြားလုပ်ငန်းများ လုပ်ကိုင်ရန် ကြိုးပမ်းမှုများကိုလည်း တွေ့ရှိရသည်။

ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ အပါအဝင် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍအတွင်းရှိနေကြသည့် တောင်သူလယ်သမားများ၏ အခက်အခဲများတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးဈေးနှုန်းများ ကြီးမြင့်ခြင်း၊ အရည်အသွေးမမှန်ကန်ခြင်းနှင့် စိုက်ပျိုးရေလိုအပ်ချက်တို့ကို ရင်ဖွင့်လေ့ရှိကြပြီး လယ်ယာလုပ်သားရှားပါးမှုတို့ကိုလည်း ကြားသိရသည်။ စိုက်ပျိုးရေကို ရေစုပ်စက်ဖြင့် စုပ်တင်ရသည့် နေရာများ၊ ရေသွယ်မြောင်းတစ်လျှောက် ရေစိမ့်ဝင်ဆုံးရှုံးမှု မရှိစေရန် ပလတ်စတစ်ခင်း၍ သွယ်ယူရသည့် နေရာများတွင် ကုန်ကျစရိတ်ပိုလာခြင်း၊ လယ်ယာလုပ်သားငှားရမ်းမှု၊ ကောက်ရိတ်စက်၊ ခြွေလှေ့စက် ငှားရမ်းမှု၊ သယ်ယူပို့ဆောင်မှုတို့အတွက် ကုန်ကျစရိတ်များ မြင့်မားလာခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ၏ ဂယက်ရိုက်ခတ်မှုကြောင့် တုံ့ဆိုင်းသွားခဲ့ရသည့် စိုက်ပျိုးထုတ်ကုန်ဈေးကွက်များ ပြန်လည်နိုးထလာမည့် အခြေအနေတို့အပေါ် စောင့်ဆိုင်းအကဲခတ်ခြင်း စသည့် အခြေခံအကြောင်းတရားများနှင့်အတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးခင်းမှသည် ဈေးကွက်အထိ ပြန်လည်သွက်လက်လှုပ်ရှားလာရန် ဖေးကူပံ့ပိုးမှု အများအပြား ပြုလုပ်ရန် လိုအပ်မည်ဟု ရှုမြင်မိသည်။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမြင့်မားရေးအတွက် မြှင့်တင်ခြင်းက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုပြီး နိုင်ငံစီးပွားရေးကိုလည်း မြင့်မားလာစေမည်ဖြစ်သည်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်နှင့် စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်စွာရရှိရေး၊ စိုက်ပျိုးရေ ရရှိရေး၊ သီးနှံထွက်ကုန် ဈေးကွက်ခိုင်မာရေးတို့ကို နိုင်ငံတော်က ဖန်တီးပေးပြီး စိုက်ပျိုးသီးနှံအထွက်တိုးရေး တောင်သူတို့က ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်နိုင်ပါစေကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် မေ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၂ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပဉ္စမနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၆၃ ဌာန တို့တွင် စာဖြေသံဃာတော်နှင့်သီလရှင်များ စာရင်းသွင်း ၁၁၆၄၇ ပါး အနက် ၈၄၆၁ ပါး ဖြေဆိုကြသဖြင့် ၇၂ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံး ပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို** "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွန်ုပ်တို့သည် သဘာဝတရားနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲစွာ နေထိုင်ရန်လိုအပ်ကြောင်း၊ မူဝါဒများနှင့် တစ်ဦးချင်းစီ၏ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်မည့် နည်းလမ်းရွေးချယ်မှုများမှတစ်ဆင့် ပိုမိုစိမ်းလန်းသော နေထိုင်မှုပုံစံသို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်နိုင်သမျှ ဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စွာ နေထိုင်နိုင်စေရေးအတွက် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သဘာဝနှင့် လိုက်လျောညီထွေနေထိုင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များတွင် လူသားတိုင်း ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယခုနှစ်ဆောင်ပုဒ်မှ တိုက်တွန်းထားပါသည်။

ယခုနှစ်ဆောင်ပုဒ်၏ တိုက်တွန်းနှိုးဆော်ချက်များကို ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ "တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)" ခေါင်းစဉ်ဖြင့် မိမိတို့ ရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်း ဆောင်းပါးနှင့် စာစီစာကုံးများကို အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးပြိုင်ပွဲကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ၊ ပြိုင်ပွဲဝင် စာစီစာကုံးများကို A4 ဆိုဒ်စာမျက်နှာ အနည်းဆုံး ၅ မျက်နှာမှ အများဆုံး ၇ မျက်နှာအထိ ရေးသားရန် (သတ်မှတ်စာမျက်နှာထက် မကျော်လွန်ရ)၊ သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရန်၊ ကွန်ပျူတာစာလုံး (Pyidaungsu)၊ စာလုံးအရွယ်အစား ၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်၊ အခြားမှ ကူးယူထားခြင်း မဟုတ်ဘဲ မိမိကိုယ်တိုင် ဖန်တီးရေးသားထားသော စာမူရင်းဖြစ်ရန်၊ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများ မဖြစ်စေရန်၊ ကိုယ်တိုင်ဖန်တီးရေးသားထားသော ကာယကံရှင် လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုချက်နှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါး၊ စာစီစာကုံးနှင့် အတူပေးပို့ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တရားဝင်အသုံးပြုခွင့်ပေးရန်နှင့် ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါး/စာစီစာကုံးများအား ပြန်လည်ပေးပို့မည်မဟုတ်ဘဲ ပြိုင်ပွဲဝင်စည်းကမ်းနှင့် မညီညွတ်သော စာမူများအား ပယ်ချသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် အလွတ်တန်း ဆောင်းပါး/ စာစီစာကုံးအတွက် စာမူ (Hard+ Soft Copy (Word+Pdf)) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ မှတ်ပုံတင်/ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ကာလာဓာတ်ပုံ ၃ ပုံ (၁.၅" x ၂" ဆိုဒ်)၊ ဆက်သွယ်ရန်လိပ်စာ၊ အမှန်တကယ် အသုံးပြုသည့် ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအမှတ် (၅၈) နေပြည်တော် ဖုန်း- ၀၆၇-၄၃၁၃၂၈၊ ၀၆၇-၄၃၁၄၉၇၊ အီးမေးလ် hr.env.ecd@gmail.com သို့ ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်၊ ကြာသပတေးနေ့ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပြီး အသေးစိတ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website (www.ecd.gov.mm)နှင့် Facebook Page (Environmental Conservation Department-ECD) တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့် မပြည့်စုံသော ဆောင်းပါးနှင့် စာစီစာကုံးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။)

ဆုရရှိသူများစာရင်းကို ၂၀၂၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Website နှင့် Facebook Page များတွင်ကြေညာသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ၂၀၂၂ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## သာပေါင်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် သရုပ်ပြကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

**သာပေါင်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးရာသီတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက တောင်ကလေး ကျေးရွာ တောင်သူ ဦးလှဝင်း၏ လယ်မြေတွင် ကြဲပက်သရုပ်ပြခဲ့ကြသည်။ **(ယာပုံ)**



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသန့်ဇင်က သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိတိုးလာခြင်း၊ သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ခြင်း၊ သီးနှံအရည်အသွေး တိုးတက်ကောင်းမွန်လာခြင်း စသည့်ရရှိနိုင်သော အကျိုးကျေးဇူးများ ပြောကြားပြီး တောင်သူနှစ်ဦးအား သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ငါးအိတ်ထောက်ပံ့ပေးအပ်ပြီး သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ များကို တောင်သူ ဦးအောင်မြင့်၏ ကွင်းအမှတ်(၇၇၂)၊ လယ်မြေ ၅ ဧကတွင် ၁ ဧကလျှင် လေးပြည်နှုန်းဖြင့် ပြည် ၂၀ ကို စုပေါင်းကြဲပက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မျိုးဇော်သိန်း(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအသင့်အတင့် ရှိမည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှရှစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

**■ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားအားလုံးတွင် ဒီမိုကရေစီအခွင့်အရေးများရှိ၊ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် ဒီမိုကရေစီအခွင့်အရေးရှိသော်လည်း နိုင်ငံတကာအတွေ့အကြုံများ၊ မိမိတို့နိုင်ငံ၏ အတွေ့အကြုံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပါတီနိုင်ငံရေးကင်းရှင်းရန်လို၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်အလျောက် တာဝန်ထမ်းဆောင်၍ ပြည်သူများအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တိကျစွာလိုက်နာနေထိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ကောင်းမွန်လာမည်ဟု ယုံကြည်**

*✻ ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့်ကာလတိုအတွင်း ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တိမ်းစောင်းလျက်ရှိသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်နယ်ပယ်များကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်၍ ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြန်လည်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

### အခက်အခဲများဖြစ်ပေါ်ခဲ့မှုနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှု

၂၀၂၁ ခုနှစ်အတွင်း နိုင်ငံရေးအရ အခက်အခဲနှင့် ကိုဗစ် –၁၉ ကပ်ရောဂါကြောင့်လည်း အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အလားတူ ပြည်တွင်းလက်နက်ကိုင်များကိစ္စ အခက်အခဲများလည်း ဖြစ်ပေါ်လာသဖြင့် အကျပ်အတည်း ၃ ခုကို ရင်ဆိုင်ဆောင်ရွက်ခဲ့ရကြောင်း၊ သို့ရာတွင် မိမိတို့နိုင်ငံကို ကောင်းမွန်စေလိုသည့်စိတ်မွေး၍ ပြည်သူလူထုနှင့် အစိုးရအဖွဲ့အဆင့်ဆင့်မှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပြီး လက်ရှိအခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မြန်မာပြည်သူလူထု၏ ကူညီလိုသည့်စိတ်၊ လှူဒါန်းလိုသည့်စိတ်နှင့် ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်များကြောင့် ကိုဗစ် –၁၉ ဆိုင်ရာ အခက်အခဲများကို အောင်မြင်စွာဖြင့် ကျော်ဖြတ်နိုင်ခဲ့ကြောင်း၊ အလားတူ နိုင်ငံရေးအကျပ်အတည်း၊ လုံခြုံရေးဆိုင်ရာ အကျပ်အတည်းနှင့် ကိုဗစ် –၁၉ ဆိုင်ရာ အကျပ်အတည်းများအကြားမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ပြည်သူများ၏ ဆောင်ရွက်မှုနှင့် ဒေသအလိုက် တာဝန်ရှိသူအဆင့်ဆင့်၏ ဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူလူထု အခက်အခဲဖြစ်ပေါ်စေရန်အတွက် ငွေကြေးသုံး၍ လက်နက်၊ ခဲယမ်း၊ မိုင်း၊ ရိက္ခာ၊ ဆေးဝါးကူညီ ဆောင်ရွက်နေသူများကိုလည်း ဖော်ထုတ်ပြီး အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။

### နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ဒီမိုကရေစီအခွင့်အရေး

မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားအားလုံးတွင် ဒီမိုကရေစီအခွင့်အရေးများ ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားဖြစ်သည့်အတွက် ဒီမိုကရေစီအခွင့်အရေးရှိသော်လည်း နိုင်ငံတကာအတွေ့အကြုံများ၊ မိမိတို့နိုင်ငံ၏ အတွေ့အကြုံများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်နေချိန်တွင် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်အလျောက် တာဝန်ထမ်းဆောင်၍ ပြည်သူများအနေဖြင့်လည်း ပြည်သူတစ်ဦးအနေဖြင့် တိကျစွာ လိုက်နာနေထိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးယန္တရား ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ပြည်သူလူထုမှ ဒီမိုကရေစီအခွင့်အရေးများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ လုပ်ငန်းများဆောင်ရွက်နိုင်ရေး ဦးဆောင်မှုပေးကြရန်လိုကြောင်း။

### ပြည်တွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေမှုနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ပါဝင်ပတ်သက်နေမှု

အကြမ်းဖက်ကိစ္စများတွင် NUG မှ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ပြည်တွင်းပြည်ပရှိ အကြမ်းဖက်မှုကိုလိုလားသော အဖွဲ့အစည်းများ၏ အားပေးအားမြှောက်ပြုခြင်းကြောင့် အကြမ်းဖက်လုပ်ရပ်များ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းများတွင် NCA ကို ချိုးဖောက်ကာ ကျင့်ဝတ်များကို လိုက်နာမှုမရှိသည့် အချို့ EAO များပါဝင်သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့၏ လုပ်ရပ်များကြောင့် နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများမှ တစ်ဆင့် အကြမ်းဖက်မှုအဆင့်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဆန္ဒပြမှုနှင့် ဆူပူမှုများ ရှိသော်လည်း မိမိတို့နိုင်ငံတွင် အကြမ်းဖက်မှုများအထိ ဖြစ်ပေါ်ခဲ့ကာ ယင်းဖြစ်စဉ်များမှာ အချို့ EAO များနှင့် ပြည်ပအဖွဲ့အစည်းများကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အကြမ်းဖက်သတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများကို PDF အကြမ်းဖက်များက လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အချို့သောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအတွက် လိုအပ်သည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများနှင့် လက်နက်ခဲယမ်းမီးကျောက်များကို ထောက်ပံ့နေသည်ကို တွေ့ရှိရပြီး အချို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်မတော်နှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များမှ အချို့အဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို လက်ခံမှုမရှိသည်ကို တွေ့ရှိရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားရာတွင် "ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ပါတယ်။ စိန်ရတုပြည်ထောင်စုနေ့ကနေပြီးတော့ လာမယ့် ဇန်နဝါရီ ၄ ရက်ဆိုရင် စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်လာပြီ။ ၁၉၄၇ က စာချုပ်ချုပ်ခဲ့တဲ့ ပင်လုံစာချုပ်အရဖြစ်လာတဲ့ ပြည်ထောင်စုနေ့။ ဒီအပေါ်မှာ အဓိပ္ပာယ်အမျိုးမျိုး ဖွဲ့ဆိုပြီးတော့မှ တောင်းဆိုချက်အမျိုးမျိုးကြောင့် ဖြစ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခဟာ ၇၅ နှစ်တာကာလ ရောက်လာပြီ။ ဒီလိုပဲ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးတဲ့အချိန်မှာ။ စတာတော့ နိုင်ငံရေးသဘောထားကွဲလွဲမှု၊ ဒါကွန်မြူနစ်ကနေပြီးတော့ လွတ်လပ်ရေးဆိုတာ တိုက်မှရတယ်ဆိုတာ။ အဲဒါကနေပြီးတော့ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ တောခိုတာက စပြီးတော့ ကွန်မြူနစ်လက်နက်ကိုင်ပဋိပက္ခကနေ စခဲ့တာသည် ပြည်တွင်းမှာ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်လာခဲ့တာ။ အဲဒီမှာ နောက်တစ်ခါ တိုင်းရင်းသားရေးရာ အခြေအနေတွေ ဆိုးလာတဲ့အခါမှာ နောက်ဆုံး တပ်မတော်မှာရှိတဲ့ အဖွဲ့အစည်းတွေတောင်မှ တချို့တောခိုတဲ့အဆင့် ရောက်လာတယ်။ တာဝန်ရှိတဲ့သူတွေ ကျွန်တော်တို့ အနားပေးခဲ့ရတာတွေ ရှိပါတယ်။ အဲဒီရဲ့ ဇာစ်မြစ်က ခုထိ ကျွန်တော်တို့ အကင်း မသေသေးပါဘူး၊ ဒါကို ကျွန်တော်တို့က ဖြေရှင်းနိုင်ဖို့အတွက် ခေတ်အဆက်ဆက်လည်း ကြိုးစားခဲ့တယ်။ ဦးနု သူနိုင်ငံရေးတာဝန်ယူတဲ့ အချိန်မှာလည်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေ လုပ်ခဲ့တာတွေရှိတယ်။ အောင်မြင်တာတွေရှိသလို၊ မအောင်မြင်တာတွေလည်းရှိတယ်။ လူတွေ ထောင်နဲ့ချီပြီး လက်နက်စွန့်လွှတ်ခဲ့တာတွေလည်းရှိတယ်။ ဒါတွေကို မှတ်တမ်းထဲမှာ ပြန်ကြည့်လို့ရှိရင် တွေ့ပါလိမ့်မယ်။ အဲဒီတော့ ဗိုလ်ချုပ်ကြီး နေဝင်းတို့ တာဝန်ယူတဲ့ အချိန်မှာလည်း ငြိမ်းချမ်းရေးကမ်းလှမ်းမှုတွေ လုပ်ခဲ့ပါတယ်။ အဲဒီမှာ ထင်ရှားတဲ့၊ သမိုင်းမှာ ပုံလေးတစ်ပုံ ရှိပါတယ်။ သူတို့ "ကျောခိုင်းသွားကြလေပြီ" ဆိုတဲ့ ပုံလေးနဲ့ ပေါက်ခေါင်းဘက်မှာ ဗကပတွေ ချောင်းကိုဖြတ်ပြီး ပြန်ထွက်သွားတဲ့ပုံက သမိုင်းမှာ အင်မတန်ထင်ရှားတဲ့ သာဓကတစ်ခုဖြစ်ခဲ့တယ်။ အဲဒီတော့ မူဆိုးစောဟန်သာမွှေး ဦးဆောင်တဲ့ KNC အဖွဲ့နဲ့ပဲ ငြိမ်းချမ်းရေးလက်မှတ် ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါ တော်လှန်ရေးကောင်စီ၊ ပြီးလို့ရှိရင် ကျွန်တော်တို့ လမ်းစဉ်ပါတီခေတ်မှာလည်း ဦးနေဝင်းတို့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အများကြီးကမ်းလှမ်းခဲ့တာ ရှိတယ်။ မအောင်မြင်ခဲ့ပါဘူး။ တပ်မတော်အစိုးရတက်တဲ့အချိန်မှာတော့ ၁၉၈၉ မှာ ကျွန်တော်တို့က တစ်နိုင်ငံလုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေးအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်လိုက်တယ်။ စာချုပ်မချုပ်နိုင်ဘူး၊ Gentlemen aggrement တွေပဲ ယူခဲ့တာ။ UWSA "ဝ"အဖွဲ့တို့ မိုင်းလားအဖွဲ့တို့၊ ဟိုဘက်က ဦးစခုံတိန့်ယိမ်းတို့ အထူးဒေသ ၁ တို့၊ ၂ တို့၊ ၃ တို့ ဒါတွေ အများကြီးရှိခဲ့တယ်။ ငြိမ်းချမ်းရေးစာချုပ် မချုပ်နိုင်ခဲ့ဘူး၊ ဒီဘက်ခေတ် ၂၀၁၅ ခုနှစ်မှာ၊ ဦးသိန်းစိန်တို့ လက်ထက်မှာ NCA စာချုပ်ချုပ်တဲ့ အထိ ကျွန်တော်တို့ ရောက်လာခဲ့တယ်။ လုံးလုံးလျားလျားပြီးလားဆိုတော့ မပြီးပါဘူး။ ၂၀၁၆ ကနေပြီးတော့ ၂၀၂၀ အထိမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု)ပင်လုံ လုပ်ခဲ့ပါတယ်။ လာမယ့် လွတ်လပ်ရေးနေ့ဟာ စိန်ရတုဖြစ်လာပြီ၊ ကျွန်တော်တို့ ခုထိ တိုင်းပြည်လည်း မငြိမ်းချမ်းဘူး၊ ဒီမိုကရေစီအခွင့်အရေးကလည်း မခံစားရဘူး၊ လွတ်လပ်ရေးရဲ့ အသီးအပွင့်လည်း မခံစားရဘူး၊ ဒီလိုဖြစ်တဲ့အချိန်မှာ ဒါကြောင့် ကျွန်တော် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ် ရအောင် ကြိုးစားကြည့်မယ်ဆိုပြီးတော့ မနှစ်ကစပြီး ပြောခဲ့ပါတယ်။ ဒီနှစ်မှာလည်း ပြီးခဲ့တဲ့ ဧပြီလ ၂၂ ရက်နေ့က ငြိမ်းချမ်းရေးဖိတ်ခေါ်မှုတွေ ကျွန်တော် ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းရေးတစ်ခု ဖိတ်ခေါ်လိုက်ပြီဆိုလို့ရှိရင် သူတို့ တိုင်ပင်ပါရစေဦး၊ ဟိုလူက တစ်မျိုး၊ ဒီလူက တစ်မျိုးနဲ့ပေ့ါ၊ အဖွဲ့အစည်းအတွင်းမှာလည်း အမျိုးမျိုးပေ့ါ၊ ခေါင်းဆောင်က တစ်မျိုး၊ အဖွဲ့ဝင်ကတစ်မျိုး၊ ဒီလို ဖြစ်နေကြတယ်။ တချို့ကျတော့လည်း လက်ခံတဲ့အဖွဲ့အစည်းလည်း ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဘယ်သူ့သတင်းပို့ဖို့ လိုပါသေးတယ်။ ဘယ်ကော်မတီ ရဲ့ ဆုံးဖြတ်ချက်ရှိဖို့ လိုပါသေးတယ် စသည်ဖြင့် ဒီလိုမျိုး မျိုးစုံရှိနေတော့၊ ရိုးရိုးရှင်းရှင်းလေးပဲ ခင်ဗျားတို့ ကျွန်တော် ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်။ ခေါင်းဆောင်တွေကိုယ်တိုင်၊ အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်တွေကိုယ်တိုင် ကျွန်တော်တွေ့ပါမယ်၊ တစ်ဖွဲ့ချင်း ကျွန်တော်တွေ့မယ်၊ ခေါင်းဆောင်တွေကိုယ်တိုင် တစ်ဖွဲ့ချင်း တွေ့ပါမယ်။ အဲဒီခေါင်းဆောင်တွေ လာတဲ့အခါမှာလည်း တိုင်ပင်လို့ရအောင် အဖွဲ့ဝင်နှစ်ယောက်နဲ့ လာခဲ့ပါ။ ပထမဦးဆုံး ကျွန်တော် စတွေ့မယ်၊ တွေ့ပြီးလို့ရှိရင် ကျွန်တော်က နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ အဖွဲ့ဝင် ၃ ယောက်နဲ့ ဖွဲ့စည်းထားတဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွေနဲ့ တစ်ဖွဲ့ချင်း ဆွေးနွေးမယ်။ တစ်ဖွဲ့ချင်းဆွေးနွေးပြီး အဲဒီအပေါ်မှာ ရအောင် ကျွန်တော်တို့ ရှင်းလင်းပြောမှာပေ့ါ။

*စာမျက်နှာ ၄ သို့*

**"ကမ္ဘာကြီး၏ တိုးတက်မှုသည် (Moving Forward) ဖြင့် သွားနေခြင်းဖြစ်ပြီး မိမိတို့တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေရမည်၊ ကိုဗစ်– ၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် နိုင်ငံအချို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖြင့် ထုတ်ကုန်များကို တိုးမြှင့်ဆောင်ရွက်နိုင်၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရှိစေရေးအတွက် ရှိပြီးသား မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချရန်လို"**

*စာမျက်နှာ ၃ မှ*

သူတို့လိုချင်တာကိုလည်း ကျွန်တော်တို့ တတ်နိုင်သလောက် ညှိနှိုင်းဆောင်ရွက်မှာပါ။ ဒါကတော့ တစ်ဖက်တည်းကနေပြီးတော့ တင်းနေလို့မရပါဘူး။ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ညှိနှိုင်းဖြေရှင်းရမှာပါ။ သို့သော်လည်းပဲ ကျွန်တော်တို့သည် တစ်အချက်က ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာတော့ ကျွန်တော်တို့က ဖြစ်အောင်သွားရမယ်။ ကျွန်တော်တို့သွားချင်တာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော် သွားချင်တာ။ ဒါပြည်သူတစ်ရပ်လုံးက လိုချင်တဲ့ဆန္ဒပဲ။

အဲဒီတော့ ပြန်ကြည့်လို့ရှိရင်လည်း ကျွန်တော်တို့ အုပ်ချုပ်မှုပုံစံသည် ဆင့်ကဲဆင့်ကဲအုပ်ချုပ်မှု၊ ခွဲဝေပေးတဲ့ အုပ်ချုပ်မှုစနစ် ပုံစံမျိုးနီးပါးပဲ လုပ်တာကို ကျွန်တော်တို့ တွေ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က မြန်မာနိုင်ငံနဲ့ သင့်တော်တဲ့ ဖက်ဒရယ်အုပ်ချုပ်မှုစနစ်ကိုသွားတာ ပိုကောင်းလိမ့်မယ်ဆိုတာကို ဖော်ထုတ်လို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒါတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ သေချာနားလည်အောင် ရှင်းလင်းပြပြီးလို့ရှိရင် သူတို့ ဘယ်လိုဖြစ်ချင်တာလဲ၊ ကျွန်တော်တို့က ဘယ်လို၊ တိုင်းပြည်အခြေအနေ ဒီလိုရှိတယ်၊ ရှင်းလင်းကြမယ်၊ တွေ့ကြမယ်။ သူတို့ ပြောတာ ကျွန်တော်နားထောင်ပါ့မယ် အကုန်လုံး၊ နားထောင်ပြီးရင်လည်း ဖြစ်သင့်ဖြစ်ထိုက်တာကို ဆန္ဒနဲ့ ဘဝနဲ့ ဒီလိုပြန်ပြီးတော့ ကြည့်ရမယ်။ ဒါ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး။ ဒါကြောင့် ကျွန်တော်ကမ်းလှမ်းထားတာရှိပါတယ်။”ဟု ပြောကြားသည်။

### တိုင်းပြည်တိုးတက်အောင် ဆောင်ရွက်နေရန်လိုအပ်မှု

ဆက်လက်၍ ကမ္ဘာကြီး၏ တိုးတက်မှုသည် (Moving Forward) ဖြင့် သွားနေခြင်းဖြစ်ပြီး မိမိတို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံအချို့တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများ ကျဆင်းခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဖြင့် ထုတ်ကုန်များကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရှိစေရေးအတွက် ရှိပြီးသား မြေပေါ်မြေအောက်သယံဇာတများနှင့် လူသားအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်တွင်း ပြည်ပ ဈေးကွက်များတွင် ရောင်းချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် မိမိတို့နိုင်ငံ၏ အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းပင်ဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရန် လိုအပ်မှု

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ပြီး ယခင်နှစ်များတွင်သာမက ယခုနှစ်တွင်လည်း လျှပ်စစ်လိုအပ်ချက်များရှိခဲ့ကြောင်း၊ အဓိကအားဖြင့် သွင်းအားစုများဖြစ်သည့် ဒီဇယ်၊ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့များ ရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်တက်လာမှုများကြောင့် ဖြစ်ကြောင်း၊ အဆိုပါ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မှု

မိမိတို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိသော်လည်း လုပ်ငန်းများအပြည့်အဝ ဆောင်ရွက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင်စိုက်ဧက ၃၃ သန်းကျော်ရှိသော်လည်း သီးထပ်သီးနှံစိုက်ပျိုးခြင်း နည်းပါးပြီး တစ်ရာသီသာစိုက်ပျိုးသည့် မြေဧကများပိုမိုများပြားကြောင်း၊ မြေသယံဇာတများကို သီးထပ်သီးနှံများ စိုက်ပျိုးနိုင်မည်ဆိုပါက ထုတ်ကုန်နှစ်ဆ တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါး၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ တစ်ရာသီသာစိုက်ပျိုးသည့် မြေနေရာများတွင် ဆီထွက်သီးနှံများကို သီးထပ်အနေဖြင့် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းဆီလိုအပ်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ပြည်ပမှ ဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် ရေနှင့် သွင်းအားစုများရရှိအောင်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကို အခြေခံသည့် အချို့ထုတ်ကုန်ပစ္စည်းများသည် တိရစ္ဆာန်အစားအစာများ ပြန်လည်ရရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အပြန်အလှန် အကျိုးပြုမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း။

- ❂ **ပြောင်းလဲနေသည့်ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြည်သူများ၏ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့်ဘိလပ်မြေများနှင့် သံမဏိများ ပြည်တွင်း၌လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လို**
- ❂ **တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခုတွင် ဘိလပ်မြေနှင့် သံမဏိများ ထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ များစွာရှိသဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်ရမည်**
- ❂ **ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှတင်သွင်းမှုများ လျှော့ချနိုင်ပြီး ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သဖြင့် လူနေမှုစနစ်များ ပြောင်းလဲသွားမည်**

### ပြည်တွင်း၌အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရန်လိုအပ်မှု

မိမိတို့နိုင်ငံ၌ ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းအရ အမျိုးသမီးလူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၅၃ ရာခိုင်နှုန်းရှိပြီး ၈၀ ရာခိုင်နှုန်းခန့်သည် မိခိုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အမျိုးသားများတွင်လည်း စိုက်ပျိုးရာသီချိန်ပြင်ပ၌ အခြားလုပ်ငန်းဆောင်ရွက်သူများ နည်းပါးသည့်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးလျက်ရှိကြောင်း၊ ၎င်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး အစိုးရမှ ဖန်တီးပေးနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်မှ ဘွဲ့ရပြီးသူ ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါတက္ကသိုလ်ဘွဲ့ရပြီးသူများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အလယ်အလတ် လုပ်ငန်းများတွင် တတ်မြောက်ထားသည့် ပညာနှင့်လျော်ညီစွာ ပါဝင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံအနှံ့အပြား၌ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာမည်ဆိုပါက ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများ နည်းပါးသွားမည်ဖြစ်ပြီး နိုင်ငံအတွက် လုပ်အားဆုံးရှုံးမှုများ နည်းပါးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံမှစ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း။

### ပြည်တွင်းစီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် ပြည်တွင်းထုတ်လုပ်မှုများ မြှင့်တင်ရန်လိုအပ်မှု

မိမိတို့အနေဖြင့် ယခုအခါကုန်သွယ်မှုပိုငွေပြနေသည်မှာ ၉ လရှိပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်း၌ထုတ်လုပ်မှုထက် ပြည်ပမှ တင်သွင်းမှုများကို ဦးစားပေးဆောင်ရွက်ခဲ့မှုအတွက် ကုန်သွယ်မှု လိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် ဝင်ငွေများရရှိရေး၊ အခွန်အခများအားလုံး မှန်မှန်ကန်ကန်ရရှိရေး၊ နိုင်ငံပိုင်လုပ်ငန်းများ အောင်မြင်မှုရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ နိုင်ငံတော်မှ ထိုက်သင့်သည့် ဝင်ငွေများရှိမှသာ ပြည်သူများ၏ အကျိုးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝင်ငွေနှင့်ထွက်ငွေ မျှတအောင် ဆောင်ရွက်ရန်လည်းလိုကြောင်း၊ ပြောင်းလဲနေသည့် ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြည်သူများ၏ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် ဘိလပ်မြေများနှင့် သံမဏိများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၅ ခုတွင် ဘိလပ်မြေနှင့် သံမဏိများထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းများ များစွာရှိသဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များဖြင့် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရန် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ တင်သွင်းမှုများ လျှော့ချနိုင်ပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်သဖြင့် လူနေမှုစနစ်များ ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ အလားတူ သွပ်ပြားထုတ်လုပ်မှုကိုလည်း ပြည်တွင်း၌ ဆောင်ရွက်၍ ရနိုင်သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပြည်တွင်း၌ လိုအပ်သည့် ကော်ဇော၊ ရော်ဘာနှင့် ကတ္တရာကဲ့သို့ ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မြန်မာနိုင်ငံနှင့် ကိုက်ညီသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်၍ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တာဝန်ရှိသဖြင့် ချင့်ချိန်ဆောင်ရွက်ကြရန် လိုကြောင်း။

### နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝရန်လိုအပ်မှု

အခြေခံပညာကျောင်းများ အောင်စာရင်းထွက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းသည်လည်း သတ်မှတ်ကာလအတွင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သတ်မှတ်ကာလအတွင်း အဆင့်မြင့်နှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လာမည့်ပညာသင်နှစ်အတွင်း ပညာရေးကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပညာရေးအရ အားနည်းခဲ့သည်များရှိကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ တစ်ဝက်နီးပါးခန့်သည် ပညာရေးအားနည်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝမှသာ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ များစွာပြုလုပ်ထားကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများမှလည်း ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုကြောင်း။

### လုပ်ငန်းများအောင်မြင်စေရေး ဆောင်ရွက်ရန်လိုအပ်မှု

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် လူမှုဆက်ဆံရေးသည် အရေးကြီးကြောင်း၊ တိုင်းပြည်နှင့် ပြည်သူကို ကိုယ်စားပြုသည့် အစိုးရတစ်ရပ်အဖြစ် ခံယူ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်ဆင့်သော အစိုးရဝန်ထမ်းများ ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လုပ်ငန်းများ အောင်မြင်မှုရရှိရေး မိမိလက်အောက်မှ လိုက်ပါပူးပေါင်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လိုသကဲ့သို့ တည်တည်ကြည်ကြည်ဖြင့် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ရန် လိုကြောင်း၊ အလားတူ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ မဖြစ်ပေါ်စေရေး ကိန်းဂဏန်းများ မှန်ကန်မှုရှိရန် လိုအပ်ကြောင်း၊ ပြည်သူများကို အသိပေးသင့်သည့် အချက်အလက်များကို မှန်မှန်ကန်ကန်ဖြင့် ထုတ်ပြန်ပေးရန်နှင့် အစိုးရအဖွဲ့သို့ တင်ပြရာတွင်လည်း ကိန်းဂဏန်းများ မှန်ကန်မှုရှိရန်နှင့် အချက်အလက်များ မှန်ကန်မှုရှိရန် အရေးကြီးကြောင်း၊ ကိန်းဂဏန်းနှင့် အချက်အလက်များ မှန်ကန်မှုရှိမှသာ မိမိတို့အစိုးရ၏ လုပ်ငန်းအောင်မြင်မှုအတွက် များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံ၏အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ရေရှည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် တိုင်းပြည်ကို ကာကွယ်လိုသည့်စိတ် ဖြစ်ပေါ်စေမည် ဖြစ်သည့်အတွက်

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

“ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သော မြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကိုမသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရ၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ် ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာဟူသည့်စိတ်ရှိရန် သင်ကြား၊ ဆွေးနွေး၊ လေ့ကျင့်ပေးရန်လို”

အားကစားကဏ္ဍကို အားပေးဆောင်ရွက်ရန် လိုကြောင်း၊ သို့ဖြစ်၍မိမိအနေဖြင့် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်သည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ပြန်လည်ရောက်ရှိချိန်တွင် ထိထိရောက်ရောက် ချီးမြှင့်သွားရန် လိုအပ်ကြောင်း၊ အားကစားအောင်နိုင်ရေးအတွက် လေ့ကျင့်ခြင်းသည် နိုင်ငံတော်၏ အလုပ်တာဝန်ကို ထမ်းဆောင်နေခြင်းပင်ဖြစ်သည့်အတွက် တာဝန်ရှိသူများက အသိအမှတ်ပြုနေရာပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများဘဝ အာမခံချက်ရှိစေရေး အတွက် စဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားကဏ္ဍအောင်မြင်ရေးအတွက် အားကစားသမားများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ထွက်ပေါ်လာရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်သွားကြရန် လိုအပ်ကြောင်း။

လက်ရှိအချိန်တွင် လူငယ်လူရွယ်များအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် နည်းပါးနေသည်ကိုတွေ့ရကြောင်း၊ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသည့် အချို့သော မြန်မာလူငယ်များ၊ အချို့သော ပြည်ပအခြေပြု မြန်မာအသိုက်အဝန်းများအနေဖြင့် တိုင်းချစ် ပြည်ချစ်စိတ်ကင်းမဲ့စွာဖြင့် နိုင်ငံတော်၏ ပကတိအခြေအနေမှန်ကို မသိရှိဘဲ နိုင်ငံရပ်ခြားမှနေ၍ တိုင်းပြည်ပျက်စီးအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား တိုင်းချစ်ပြည်ချစ်စိတ်ရှိရန်နှင့် ထိုမှတစ်ဆင့် မျိုးချစ်စိတ်ရှိရန်၊ မြန်မာဟူသည့်စိတ်ရှိရန် သင်ကြား၊ ဆွေးနွေး၊ လေ့ကျင့်ပေးရန် လိုအပ်ကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် လူငယ်လူရွယ်များအတွက် အကျင့်စာရိတ္တမြင့်မားရေးနှင့် ယဉ်ကျေးလိမ္မာမှုရှိစေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ရုပ်မြင်သံကြားအစီအစဉ်များမှလည်း ၃၈ ဖြာမင်္ဂလာ ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း၊ လူငယ်များ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေးအတွက် ဦးဆောင်ပုံဖော်သူများအနေဖြင့်လည်း အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ရုပ်ရှင်၊ ဂီတနှင့် ဖျော်ဖြေပွဲများအနေဖြင့် မိမိတို့နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာများကို မထိခိုက်ဘဲ တိုင်းချစ်ပြည်ချစ်စိတ်ရှိလာအောင် အသိပညာပေးနိုင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မကြာမီကာလတွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍပေါင်းစုံမှ ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးနှင့် ပြိုင်ပွဲများတွင် တရားမျှတမှုရှိအောင် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်ထားရှိမွေးမြူလာရန်မှာ တာဝန်ရှိသူများ၏ သမာသမတ်ကျသည့် လုပ်ရပ်များအပေါ်တွင် မူတည်ပါကြောင်း။

မိမိအနေဖြင့် ပြီးခဲ့သည့် မြန်မာ့နှစ်သစ်ကူးအခါသမယတွင် လွန်ခဲ့သည့် ၇၅ နှစ်အတွင်း တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်ခဲ့ကြသည့် အလွှာပေါင်းစုံ၊ ဌာနပေါင်းစုံမှ ချီးမြှင့်သင့် ချီးမြှင့်ထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည့် နိုင်ငံတော်၏ သမိုင်းမှတ်တမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများကိုလည်း ၇၅ နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဖိတ်ကြားဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ အလားတူ ဝန်ကြီးဌာနအလိုက် နှစ်ပေါင်းများစွာ စိတ်ရင်းစေတနာဖြင့် ဌာနအကျိုးအတွက် ဆောင်ရွက်ခဲ့ကြသူများကိုလည်း ဂုဏ်ပြုချီးမြှင့်သွားရန် လိုအပ်ကြောင်း။

နိုင်ငံတော်မှ ရသင့်ရထိုက်သော ဝင်ငွေများရရှိစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ဘဏ္ဍာငွေတိုးတက်ရရှိမှသာ နိုင်ငံ့ဝန်ထမ်းများအတွက် လိုအပ်သောထောက်ပံ့မှု၊ ပံ့ပိုးမှုများနှင့် တိုင်းပြည်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၅**

နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ခြင်းနှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်၏ သင်္ကေတလက္ခဏာများ၊ ဈေးကွက်ရှာဖွေရေး၊ မှတ်တမ်းထိန်းသိမ်းခြင်း၊ ဝယ်ယူရေးနှင့် စတော့ခ်ထိန်းချုပ်မှု၊ တန်ဖိုးတွက်ချက်ခြင်း၊ လုပ်ငန်းစီမံကိန်းရေးဆွဲခြင်း၊ ဝန်ထမ်းများစီမံခန့်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်မှုဟူသော ဘာသာရပ်များကို ဆွေးနွေး၍ ရလဒ်များကို ညှိနှိုင်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများကို ဦးဆောင်နေသည့် အရာထမ်းများသည် စီးပွားရေးဘာသာရပ်၏ သီအိုရီများနှင့် အခြေခံမှုများကို သိရှိကျွမ်းကျင်နေရမည့်အပြင် ခေါင်းဆောင်မှုပညာရပ်ကိုလည်း သိရှိနားလည်၍ အထက်၊ အောက်၊ ဘေးတိုက် ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်နိုင်သူများ ဖြစ်ရန် လိုအပ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် လုပ်ငန်းများကို သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်၍ မရပါကြောင်း၊ တီထွင်ဆန်းသစ်မှုများကို ဆောင်ရွက်နေရန် လိုအပ်ပါကြောင်း၊ ထုတ်ကုန်၏ တီထွင်ဆန်းသစ်မှု၊ ထုတ်လုပ်မှုနည်းစဉ်၏ ဆန်းသစ်မှု၊ ဈေးကွက်ဖော်ဆောင်မှုပုံစံများ တီထွင်ဆန်းသစ်မှုတို့ကို စဉ်ဆက်မပြတ် ထည့်သွင်း ဆောင်ရွက်သွားရန် လေ့ကျင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ယင်းအတွက် စွမ်းဆောင်ရည် ပြည့်ဝသော ဝန်ထမ်းအင်အားထုကို စုစည်းတည်ဆောက်ရန်မှာ ဝန်ကြီးဌာနအတွက် အရေးကြီးသော လိုအပ်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေလွင်ထွဋ်က စီးပွားရေး စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးက ကုန်ကြမ်းဝယ်ယူခြင်းနှင့် လက်ကျန်ပစ္စည်းများ ထိန်းချုပ်ကိုင်တွယ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ် တွက်ချက်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်မှု ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက လုပ်ငန်းစီမံကိန်းရေးဆွဲခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နည်းပြအရာရှိ ဒေါ်စုစန္ဒာထွန်းက ဝန်ထမ်းများ စီမံခန့်ခွဲ ခြင်းနှင့် ကုန်ထုတ်လုပ်မှု ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ ဒေါက်တာသွယ်နုဝါက စီးပွားရေးလုပ်ငန်း အစီအစဉ်ရေးဆွဲခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးမှုများအပေါ် အခြေခံ၍ တက်ရောက်လာသည့် အဆင့်မြင့် အရာထမ်းများက အုပ်စုလိုက် ညှိနှိုင်းဆွေးနွေးကာ ဆွေးနွေးမှုရလဒ်များကို အဖွဲ့လိုက် တင်ပြကြကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ဝန်ကြီးဌာနအတွက် အကျိုးရှိသော ရလဒ်များကို ဖော်ထုတ်သွားမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်း ၁၄၃ ဦး တက်ရောက်ခဲ့ပြီး နှစ်ရက်ကြာ ကျင်းပခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် မေ ၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြား၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အောင်နိုင်သူ အုန်းဆံကြိုး ထုတ်လုပ်မှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများအား မြို့နယ်ခန်းမတွင် တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကိုကိုးကျွန်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းမင်းက ကိုကိုးကျွန်းမြို့ သမိုင်းကြောင်းနှင့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ဒေသဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ကျွန်း၏တန်ဖိုးကို သိရှိနားလည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာ စကားပြောကြားရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ဦးတည်ချက် (၉) ရပ်ကို အကောင် အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ များကို သိရှိလို၍ဖြစ်ကြောင်း မြို့နယ် လူထုနှင့် နိုင်ငံ့ဝန်ထမ်းများ၏ လိုအပ်ချက် နှင့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကို တစ်ပါတည်း ခေါ်ဆောင်လာခဲ့ကြောင်း၊ ကိုကိုးကျွန်းသည် ရန်ကုန်မှ မိုင် ၂၀၀ ကျော်၊ ဟိုင်းကြီးကျွန်းမှ မိုင် ၁၀၀ ကျော် ခန့်အကွာ ကပ္ပလီပင်လယ်နှင့် ဘင်္ဂလား ပင်လယ်အော် ဆုံချက်နေရာတွင်ရှိပြီး နိုင်ငံ၏ အနောက်တောင်အစွန်ဆုံးတွင် တည်ရှိပါကြောင်း၊ နိုင်ငံအတွက် ပထဝီ အနေအထားအရ၊ လုံခြုံရေးအရ အရေး ပါသော ကျွန်းပေါင်း ၁၂ ကျွန်းနှင့် ဖွဲ့စည်း ထားသည့် ကျွန်းကြီးတစ်ကျွန်းဖြစ် ကြောင်း၊ ကိုကိုးကျွန်းတွင် နေထိုင်သူများ အနေဖြင့်လည်း ကျွန်း၏တန်ဖိုးကို သိရှိ နားလည်ထားရန်လိုကြောင်း၊ အလားတူ ကိုကိုးကျွန်းတွင် တာဝန်ထမ်းဆောင် နေသော ဝန်ထမ်းများသည် ရေခြား မြေခြားလျက် တည်နေရာအရ နိုင်ငံ၏ ရှေ့တန်းအကျဆုံး နေရာတွင် သည်းခံ စိတ်ရှည်စွာဖြင့် တာဝန်ထမ်းဆောင် နေကြသူများဖြစ်၍ အသိအမှတ်ပြု အားပေးပါကြောင်း။

### သင်တန်းပေးမှုများ ဆောင်ရွက်ပေး

နိုင်ငံတော်ဝန်ကြီးချုပ် ချမှတ် ထားသော တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး မူဝါဒကို အကောင် အထည်ဖော်နိုင်ရန် တစ်ဦးချင်းဝင်ငွေ ရရှိနိုင်သော အလုပ်အကိုင် အခွင့်အလမ်း များ ရရှိရန်လည်း နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနကို တာဝန်ပေး၍ SME လုပ်ငန်းအဖြစ် အုန်းဆံကြိုး စက်ရုံနှင့် အုန်းနှင့်ဆက်စပ်သည့် လူသုံးကုန်ထုတ် ပစ္စည်း လက်မှုလုပ်ငန်းများ လုပ်ဆောင် ရန် သင်တန်းပေးမှုများ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ လူသုံးကုန်ပစ္စည်း လက်မှုလုပ်ငန်းအတွက် သင်တန်းပေးရာ တွင် ပြောင်းလဲလာသော လူနေမှုစနစ်အရ ခေတ်နှင့်လျော်ညီ၍ အမှန်တကယ်သုံးစွဲ သည့် ပစ္စည်းထုတ်လုပ်နိုင်ရန် သင်တန်း ပို့ချရန်လိုကြောင်း၊ သို့မှသာ ဈေးကွက် ရရှိပြီး ဝင်ငွေရရှိမည်ဖြစ်ကြောင်း အသုံး မတည့်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် လုပ်အားနှင့် အရင်းအနှီး ဆုံးရှုံးခြင်းသာ အဖတ်တင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသမှ ထွက်ရှိသည့် ထုတ်ကုန်များကို ဈေးကွက်ရရှိအောင်လည်း မြို့နယ်မှ တစ်ဆင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြကာ စီမံဖန်တီးပေးရန်လိုကြောင်း၊ အလားတူဒေသ၏အားသာချက်ဖြစ်သော အုန်းသီးကြွယ်ဝစွာထွက်ရှိမှုကို အခြေခံ၍ နည်းပညာဖြင့် လူသုံးကုန်သစ်များ ထုတ်လုပ်နိုင်ရေး နည်းလမ်းရှာကြံ ဆောင်ရွက်ရန်လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူတစ်ဦးအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

### ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်

ပညာရေးနှင့်ပတ်သက်၍ တိုးတက်လာသော IT ခေတ်တွင် ကျေးလက်နှင့် မြို့ပြသင်ယူနိုင်သည့် အခြေအနေမှာ များစွာကွာခြားမှုမရှိဘဲ ဆရာ၊ ဆရာမများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာစသည့် နာသုံးနာဖြင့် သင်ကြားပေးမှု၊ ကျောင်းသား /ကျောင်းသူ များ၏ တတ်မြောက်လိုမှု၊ မိဘနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့၏ အားပေးဆောင်ရွက်မှုဖြင့် အောင်ချက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ကျောင်းသား /ကျောင်းသူများ စိတ်လက်အေးချမ်း တက်ကြွစွာ ကျောင်းတက်နိုင်ရေး ကျောင်းတွင်း/ ကျောင်းပြင် သန့်ရှင်းရေး ဆောင်ရွက်၍ ဥပမိရုပ်ကောင်းမွန်အောင် ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ အခြေခံအဆောက်အဦ လိုအပ်ချက်များ စတင်ဖြည့်ဆည်းလာခဲ့ကြောင်း၊ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရေးအတွက် နှစ်ပတ်တစ်ကြိမ် တပ်မတော်လေယာဉ်ဖြင့်လည်းကောင်း၊ တစ်လ တစ်ကြိမ် တပ်မတော်ရေယာဉ်များဖြင့် လည်းကောင်း၊ သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်း၍ ဝိုင်းဝန်းလုပ်ဆောင်သွားကြရန် လိုကြောင်း ပြောကြားသည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် သင်တန်းသား/ သင်တန်းသူများအား သင်ကြားပို့ချနေမှုကို ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

#### အားပေးစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ကိုကိုးကျွန်းမြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ရှိ အောင်နိုင်သူ အုန်းဆံကြိုးထုတ်လုပ်မှုလုပ်ငန်းအား ကြည့်ရှုစဉ်။

#### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းအပါအဝင် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

#### ထောက်ပံ့ပေးအပ်

ယင်းနောက် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ကျန်းမာရေးသည် အရေးအကြီးဆုံးဖြစ်၍ ရောဂါရှာဖွေကုသမှုအတွက် လိုအပ်သော ဆေးဝါးနှင့် ပစ္စည်းကိရိယာများ လုံလောက်စွာထားရှိရမည့်အခြေအနေ၊ ဖြည့်ဆည်းပေးထားသည့် လက်သုံးကိရိယာများကို ရေရှည်သုံးစွဲနိုင်ရန် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းရမည့် အခြေအနေ၊ ရောဂါရှာဖွေကုသမှုအပြင် ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေး အသိပညာပေးရန် လိုအပ်သည့် အခြေအနေ၊ ဆေးရုံ၏ လိုအပ်သော အုပ်ချုပ်မှုကိစ္စများအတွက် အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် မြို့နေပြည်သူများ ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်သော အခြေအနေစသည်ဖြင့် လိုအပ်သည်များ မှာကြားပြီး ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

#### သင်ကြားပို့ချနေမှုကိုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသို့ သွားရောက်၍ သင်တန်းသား/ သင်တန်းသူများအား သင်ကြားပို့ချနေမှုကိုကြည့်ရှုပြီး သင်တန်းသား/ သင်တန်းသူများနှင့် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် အဆိုပါ စာသင်ကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျောင်းအုပ်ဆရာမကြီးအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် အောင်နိုင်သူ အုန်းဆံကြိုးထုတ်လုပ်မှု လုပ်ငန်းသို့ သွားရောက်ကြည့်ရှုကြပြီး သိရှိလိုသည်များမေးမြန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် မေ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ်၊ ၅၄/ ၂၀၂၂ ဖြင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်ချီးမြှင့်ခံရသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိများ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်ခြင်းခံရသည့် အရာရှိများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခံရသည့် အရာရှိ ၁၂ ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❍ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့၏ ဖြစ်ပေါ်တိုးတက်မှုကို အားလုံးတွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ သင့်တင့်သောလူစည်ကားမှုနှင့်အတူ ပထဝီနိုင်ငံရေးအရအရေးပါသောမြေနေရာအား တည်ငြိမ်မှုကို မလိုလားသော အကြမ်းဖက်အဖွဲ့အစည်းများ ထိုးဖောက်ဝင်ရောက်လာမှုမရှိအောင် လုံခြုံရေး သတိရှိနေရန်လိုကြောင်း၊ ရေခြားမြေခြားတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ တပ်တွင်း၌သာမက တပ်ပြင်နှင့်ပါ တစ်သားတည်းစည်းလုံးမှုရှိအောင် နေထိုင်ခြင်းဖြင့် အကြမ်းဖက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုအတွက် အကောင်းဆုံးအထောက်အကူပြုမှုမှာ အားကစားပြိုင်ပွဲများဖြစ်၍ အစုအဖွဲ့ဖြင့် လူအများအပြားပါဝင်ကစားနိုင်သော အားကစားပွဲများ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆောက်အဦ ထိန်းသိမ်းမှုနှင့်ပတ်သက်၍ စစ်သည်မိသားစုများအတွက် လိုအပ်သော အခြေခံအဆောက်အဦများ နိုင်ငံတော်ဘတ်ဂျက်မှ ဆောင်ရွက်ပေးထားပြီးဖြစ်၍ ရေရှည်တည်တံ့ ခိုင်မြဲရေး စနစ်တကျ ထိန်းသိမ်း သုံးစွဲကြရန်လိုကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အပြည့်အဝ ထမ်းဆောင်နိုင်ရန်အတွက် အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ ၂၄ နာရီ တာဝန်ရှိသူများဖြစ်၍ နေ့ည အချိန်အခါ နေရာဒေသမရွေး လိုအပ်ချိန်တွင် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်၍ ပေါ့ပေါ့ဆဆ မနေရန်နှင့် သတ်မှတ်ပေးထားသော လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိခင်ဌာနချုပ်များနှင့် အလှမ်းဝေးကွာသည့်နေရာတွင် တာဝန်ထမ်းဆောင်နေရသူများဖြစ်၍ ဆောင်ရွက်ရမည့် သမားစဉ် လုပ်ငန်းများကို တာဝန်ရှိသူများ စနစ်တကျ စီမံခန့်ခွဲ၍ မပျက်မကွက် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများ၏ တစ်ဦးချင်း တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**အားပေးစကားပြောကြား**

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) သို့သွားရောက်၍ဆေးရုံရေယာဉ်ပေါ်တွင် ဆေးကုသမှု ခံယူလျက်ရှိသည့် ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများကို ကြည့်ရှု အားပေးစကားပြောကြားကာ မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

**ကျန်းမာရေးစောင့်ရှောက်စစ်ဆေး**

အဆိုပါပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် မေ ၄ ရက်မှစ၍ ကိုကိုးကျွန်းမြို့ပေါ်ရှိ ဒေသခံပြည်သူများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ဆေးကုသမှုဆိုင်ရာရောဂါ ၁၄၀၊ ခွဲစိတ်ရောဂါ ၅၀၊ ကလေးရောဂါ ၇၂ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၃ ဦး၊ အရိုးရောဂါ ၁၀၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၃ ဦး၊ သွားရောဂါ ၆၂ ဦး ဒေသခံပြည်သူစုစုပေါင်း ၆၈၀ တို့ကိုကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

- **ရေခြားမြေခြားတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ တပ်တွင်း၌သာမက တပ်ပြင်နှင့်ပါ တစ်သားတည်းစည်းလုံးမှုရှိအောင် နေထိုင်ခြင်းဖြင့် အကြမ်းဖက်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်မည်**
- **စည်းလုံးညီညွတ်မှုအတွက် အကောင်းဆုံးအထောက်အကူပြုမှုမှာ အားကစား ပြိုင်ပွဲများဖြစ်၍ အစုအဖွဲ့ဖြင့် လူအများအပြား ပါဝင်ကစားနိုင်သော အားကစားပွဲများ ဆောင်ရွက်ပေးရန်လို**
- **အဆောက်အဦ ထိန်းသိမ်းမှုနှင့်ပတ်သက်၍ စစ်သည်မိသားစုများအတွက် လိုအပ်သော အခြေခံအဆောက်အဦများ နိုင်ငံတော်ဘတ်ဂျက်မှ ဆောင်ရွက်ပေးထားပြီးဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲရေး စနစ်တကျထိန်းသိမ်း သုံးစွဲကြရန်လို**

**လှည့်လည်ကြည့်ရှု**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ အုန်းနှင့် အုန်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြပြီး အုန်းဆီသန့်စက်ရုံ၊ အလှဆင်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းနှင့် အုန်းဆံကြိုးစက်ရုံတို့အတွင်းလှည့်လည်ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အုန်းထွက်ပစ္စည်းများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ပေါင်းစပ်၍ ယခုထက်ပိုမိုထုတ်လုပ်ပြီး စီးပွားဖြစ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ ထုတ်ကုန်များအား ဈေးနှုန်း သက်သာစွာဖြင့် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရှိ ဒေသန္တားများ မွေးမြူရေးခြံ၊ ဥစားကြက်၊ အသားတိုးကြက်၊ DYLဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးမွေးမြူထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ပေါ်တွင် ဆေးကုသမှုခံယူလျက်ရှိသည့် မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကိုကိုးကျွန်းမြို့ နယ်မြေခံတပ်ရှိ ဥစားကြက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Consultative Meeting တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာ

**နေပြည်တော် မေ ၅**


AHA Centre မှတစ်ဆင့်လှူဒါန်းမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့(Task Force) ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Prak Sokhoon ၏ ဖိတ်ကြားချက်အရ Consultative Meeting တက်ရောက်ရန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ဘန်ကောက်မြို့မှတစ်ဆင့် လေကြောင်းခရီးဖြင့် ယနေ့နံနက်ပိုင်းတွင် ထွက်ခွာသွားသည်။ **(ယာပုံ)**

ခရီးစဉ်သို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်အတူ မြန်မာလုပ်ငန်းအဖွဲ့ (Task Force) အဖွဲ့ဝင်များဖြစ်ကြသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြသည်။

ဆွေးနွေးပွဲအား မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီ ဒုတိယအဆင့် ပေးအပ်ဖြန့်ဖြူးနိုင်ရေး၊ အကူအညီများပေးအပ်ရာတွင် ရှိရင်းစွဲအာဆီယံသဘောတူညီမှု မူဘောင်အတွင်းမှ အကူအညီများ ပိုမိုပေးအပ်နိုင်ရေး ဖြစ်နိုင်သည့်နည်းလမ်းများနှင့် တူညီသော နားလည်မှုရရှိရေးတို့အတွက် ရည်ရွယ်၍ အဆင့်မြင့်အစည်းအဝေးတစ်ရပ်အဖြစ် ကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် OCHA's ၏ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးဖြစ်သူ Ms. Joyce Msuya ၏ မေတ္တာရပ်ခံချက်အရ ယနေ့ညနေပိုင်းတွင် ခေတ္တတည်းခိုသည့် Sokha Hotel ၌ လက်ခံတွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



## မြန်မာ - ဂျပန် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၅**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဂျပန်–မြန်မာအသင်းဥက္ကဋ္ဌ Mr. WATAN–ABE Hideo နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာ–ဂျပန် လယ်ယာကဏ္ဍဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံ၌ လုပ်ငန်းခွင်အတွေ့အကြုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ပေးရေး၊ သိုလှောင် ပို့ဆောင်မှုစနစ်များ ဖွံ့ဖြိုးရေး၊ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိန် တစ်လုံးသရက်နှင့် သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ အရည်အသွေးမြင့် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး ဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**သတင်းစဉ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု၊ ပညာသင်နှစ်အတွက်
## A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့တွင် ၂၀၂၂–၂၀၂၃ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသဖြင့် ဝင်ခွင့်လျှောက်လွှာများကို အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၌ (၁၂–၅–၂၀၂၂) ရက်တွင် စတင်ထုတ်ယူနိုင်ပြီး လျှောက်လွှာများကို (၃၁–၅–၂၀၂၂) ရက် နောက်ဆုံးထား၍ မိမိတို့ တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန

## ပုဗ္ဗသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲကျင်းပ

နေပြည်တော် မေ ၅

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲကို ယမန်နေ့က ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း (YGW) မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း၌ ကျင်းပသည်။**



အဆိုပါ ဟောပြောပွဲတွင် ပြည်ထောင်စုနယ်မြေ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦးက အမှာစကားပြောကြားကာ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဌေးတို့က လူငယ်များအတွက် အသိပညာပေးဟောပြောခဲ့ပြီး လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ထို့နောက် အဝါရောင်မျိုးဆက်သစ်လူငယ်ပရဟိတအသင်း (YGW) မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း၌ ပညာသင်ကြားနေကြသည့် လူငယ်မောင်မယ်များက မြန်မာ့သိုင်း(ဝဲပုံ) နှင့် အေရိုးဗစ်အားကစား နည်းများဖြင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း ၁ ဒသမ ၆၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုစီးပွားဘဝ သာယာဝပြောရေးအတွက် မြန်မာ့တက္ကသိုလ်များ

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

*(ယမန်နေ့မှ အဆက်)*

အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ ပညာရေးအဆင့်မြင့်ဖို့ နိုင်ငံက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အားထားရပါမယ်။ လူ့စွမ်းအား အရင်းအမြစ် မွေးထုတ်ခြင်းရဲ့ အမြင့်ဆုံးအမှတ်ကို ရောက်ဖို့ဆိုရင် နိုင်ငံသားတိုင်းကို အဖိုးတန်တဲ့ အရင်းအနှီးအဖြစ် မှတ်ယူပြီး ပညာရေးက လုပ်ပေးနိုင်မှုအပေါ်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရှိလာနိုင်ပါတယ်။ ဘဝသစ်ဖန်တီးနိုင်ဖို့ လူ့အဖွဲ့အစည်းအတွင်းမှာ မရှိသေးတဲ့ နည်းပညာတွေနဲ့ ကျွမ်းကျင်မှုအဖုံဖုံကို တက္ကသိုလ်တွေက ဆောင်ကြဉ်းပေးရပါလိမ့်မယ်။ ဒါကြောင့် တက္ကသိုလ်များရဲ့ အခန်းကဏ္ဍဟာ အမှန်တကယ်ပဲ ကျယ်ဝန်းနက်ရှိုင်းလာပါတယ်။

**ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ်**

လူ့သမိုင်းစဉ် တစ်လျှောက်လုံးမှာ ပညာရေးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရင်းအမြစ် ဖြစ်ခဲ့ပါတယ်။ ရာစုနှစ် ၂ ခု၊ နှစ်ပေါင်း ၂၀၀ ကျော်ကြာ၊ အမေရိကန်နိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဥရောပ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ရဲ့ ကောလိပ်နဲ့ တက္ကသိုလ်တွေဟာ တိုးတက်မှုအတွက် ကြိုးစားခဲ့ပါတယ်။ အမေရိကန် အဆင့်မြင့်ပညာရေးကို တစေ့တစောင်း လေ့လာကြည့်ရင် အမေရိကန်တို့ဟာ ၁၆၃၆ ခုနှစ်မှာ ဟားဗတ်တက္ကသိုလ်၊ ၁၈၃၉ ခုနှစ်မှာ ဘော့စတွန်တက္ကသိုလ်၊ ၁၈၉၁ ခုနှစ်မှာ စတင်းဖို့ဒ် တက္ကသိုလ်တို့ကို ပုဂ္ဂလိကသုတေသနတက္ကသိုလ်များအဖြစ် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ထောင်ခဲ့ပါတယ်။ ဟားဗတ်တက္ကသိုလ်နှင့် ယှဉ်ကြည့်ရင် ရန်ကုန် တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့ဟာ နှစ်ပေါင်း ၃၀၀ နီးပါး တာထွက်နောက်ကျခဲ့ပါတယ်။

သိပ္ပံနဲ့နည်းပညာဟာ ဒီနေ့ လူ့အဖွဲ့အစည်းအတွက် အင်အားကြီးမားစွာ ဖန်တီးပေးနေပါတယ်။ သိပ္ပံနဲ့နည်းပညာနယ်ပယ်ထဲက သုတေသနတွေကြောင့်၊ လေ့လာမှုရလဒ်တွေကြောင့် ထွန်းကားလာမှုဟာ သဘာဝတရားရဲ့နိယာမတွေကို ပိုနားလည်လာပြီး လူသားကောင်းကျိုးအတွက် အသုံးချနိုင်မှုတွေ ရရှိတာဖြစ်ပါတယ်။

၁၈၄၀ ပြည့်နှစ်ရောက်တော့ စက်မှုထွန်းကားဖို့ ကိစ္စမှာ သိပ္ပံပညာအခြေခံတွေဟာ အကြောင်းတရားပဲ ဖြစ်ခဲ့ပါတယ်။ တရိပ်ရိပ်စက်မှုထွန်းကားလာတဲ့ ဥရောပနဲ့ အမေရိကန်နိုင်ငံဟာ စက်ရုံအလုပ်ရုံများမှာ ကုန်ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ခဲ့ပါတယ်။ ဈေးကလည်း သက်သာ၊ ပစ္စည်းတွေကလည်း သေသပ်လှပပြီး လူကြိုက်များခဲ့ပါတယ်။ စက်မှုနည်းပညာ ထွန်းကားခြင်းရဲ့ရလဒ်ပဲ။ သိပ္ပံနဲ့နည်းပညာ ထွန်းကားတဲ့ နိုင်ငံတွေဟာ ပိုပြီးချမ်းသာသွားကြပါတယ်။ အမေရိကန်တစ်ဦးဟာ ပျမ်းမျှတစ်ပတ် ၅၂ နာရီ အလုပ် လုပ်ကြရပါတယ်။ နည်းပညာတိုးတက်လာတာကြောင့် ယနေ့အမေရိကန်တို့ဟာ ၃၇ ဒသမ ၉ နာရီသာ အလုပ်လုပ်ကြရပါတော့တယ်။ အမေရိကန်တို့ဟာ ၁၈၉၀ ပြည့်နှစ်မှာ စက်မှုလယ်ယာကို တည်ထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။



၂၀၂၅ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်မည့် မန္တလေးတက္ကသိုလ်။

*** မြန်မာတို့ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေသြဇာ ဘယ်လောက်ထည့်ရမလဲဆိုတာ သိနိုင်တဲ့ပညာလိုပါလိမ့်မယ်**

*** မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင် မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့် ခရီးရှည်ဖြစ်ပါတယ်**

မြန်မာတို့ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့ဆိုရင် စိုက်ပျိုးရေးကိုကြည့်၊ ရေဘယ်လောက်လောင်းသင့်သလဲ၊ ဓာတ်မြေသြဇာ ဘယ်လောက်ထည့်ရမလဲ ဆိုတာ သိနိုင်တဲ့ ပညာလိုပါလိမ့်မယ်။ ပိုးသတ်ဆေး မလွန်မကျွံအောင် ထည့်တတ်ရပါလိမ့်မယ်။ သမားရိုးကျနည်းနဲ့ဆိုရင် ဘယ်ကိစ္စမှ မည်မည်ရရ ဖြစ်ထွန်းနိုင်မှာ မဟုတ်ပါဘူး။

လုပ်ရိုးလုပ်စဉ်အတိုင်း၊ မိရိုးဖလာအတိုင်း၊ လုပ်လို့မရတဲ့ခေတ်ထဲမှာ ရောက်နေလို့ပဲ။ ဒီနေ့ခေတ်မှာ မြေနဲ့ ရေမှာ အချဉ်ဓာတ်ကိုတိုင်းတဲ့ pH (ပီအိတ်) မီတာကလည်း ဝယ်နိုင်လာတော့၊ လယ်သမားဟာ ပီအိတ်မီတာကို ခါးကြားထိုး၊ ပီအိတ်တိုင်း၊ သူ့ရဲ့ မြေဟာ ပီအိတ် ၅ ဖြစ်ရင် အားလူး စိုက်ရမှန်းသိတယ်။ ပီအိတ် ၆ ဆိုရင် မြေပဲနဲ့ ဂေါ်ဖီ စိုက်ရမှန်း သိလာတဲ့ အဆင့်ရောက်လာပါတယ်။ ပညာလုပ်သား အင်အား (Knowledge base ၊ skilled base work force) ကျွမ်းကျင်မှုတစ်ခုဟာ လူတိုင်း၊ မိသားစုဝင်တိုင်း လိုအပ်နေပြီဆိုတာ အလွန်ထင်ရှားပါတယ်။

ယခင်ကလို မိဘတစ်ဦးက အလုပ်လုပ်ရုံနဲ့ မိသားစုဘဝထိန်းနိုင်ဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့ ခေတ်ဖြစ်ပါတယ်။ ဒါကြောင့် အစဉ်လေ့လာသင်ယူမှု (Lifelong learning) ကို ချဉ်းကပ်နေရပါတယ်။ ဒီလယ်ယာလုပ်သားအင်အားစုကို အရည်အချင်းရှိအောင်၊ အရည်အသွေးတောက်ပြောင်လာအောင် ပညာရေးက မတ်နေအောင် လမ်းကြောင်းတစ်ခုနဲ့ ထောင်ပေးရပါမယ်။ ပြည်သူတို့ရဲ့လိုအင်ကို ဖြည့်ဆည်းနိုင်ဖို့ တက္ကသိုလ်များက ပို၍အားထုတ်ကြရလိမ့်မယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ မြန်မာ့လယ်သမားအင်အားစုကို ခေတ်မီအင်အားစုဖြစ်ဖို့ စိုက်ပျိုးရေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ပြီး တိုးတက်နေအောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ရဲ့ ဆန်တင်ပို့မှုကို ပြန်လည် ယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ ပညာရေးအနေနဲ့ကတော့ ဒီကနေ့ လူ့အဖွဲ့အစည်းအတွက် အမှန်တကယ် လိုအပ်တဲ့ လူသားတွေကို မွေးထုတ်ပေးဖို့ မျှော်မှန်းလုပ်ဆောင်လျက်ရှိပါတယ်။

မြန်မာ့လယ်သမားအင်အားကို ခေတ်မီအင်အားစုဖြစ်ဖို့ ရေဝတီ၊ ပဲခူး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေရှိ လက်ရှိဖွင့်လှစ်ထားတဲ့ တက္ကသိုလ်တွေမှာ ဆန်စပါး စိုက်ပျိုး၊ ငါးမွေးမြူရေး မဟာဌာနကြီးအဖြစ် ပြောင်းလဲသင့်က ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ရေမြေသဘာဝရဲ့ တောင်းဆိုမှုကို အဲဒီတက္ကသိုလ်တွေက ဖြည့်ဆည်းပေးခြင်းဟာ ကိုယ့်ဒေသလိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဘွဲ့ရတွေ အိုးမခွာ အိမ်မခွာရဘဲ ကိုယ့်တက္ကသိုလ် ကိုယ့်ဒေသကို ချစ်မြတ်နိုးသူတွေ ခေတ်မီလယ်သမား သူဌေးကြီးတွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အမေရိကန် အဆင့်မြင့်ပညာရေးကို လေ့လာကြည့်ရင် ၁၉၆၀-၇၀ ပြည့်နှစ်များမှာ သူတို့ရဲ့ ရေမြေတောတောင် ဘူမိပထဝီသွင်ပြင်၊ သဘာဝအခြေအနေနဲ့ ပိုပြီးကိုက်ညီစေဖို့ ဥရောပ ပညာရေးစနစ်ဟောင်းမှ ခွဲထွက်ခဲ့ပါတယ်။ အမေရိကန် အလယ်ပိုင်း၊ အနောက်ပိုင်း တက္ကသိုလ်ကြီးများဟာ တစ်ခုနဲ့တစ်ခု အားသန်မှုတွေ မတူညီဘဲ အမေရိကန်ပြည်ထောင်စုဟာ တိုးတက်လာတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးခေတ်၊ စက်မှုခေတ်၊ အဏုမြူခေတ်၊ အိုင်တီခေတ်၊ နောင်တွင် ဂျီနိုးခေတ် အသီးသီးက လိုအပ်တဲ့ကျွမ်းကျင်မှု လူ့စွမ်းအားအရင်းအမြစ်တွေရဖို့ တက္ကသိုလ်ကြီးများရဲ့သင်ကြားမှုနဲ့ သုတေသနတွေကို ပုံဖော်ခဲ့ကြောင်း၊ အမေရိကန်တို့ဟာ ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းမှာ သူတို့ရဲ့ တက္ကသိုလ်ပေါင်း ၂၀၀၀ ကျော်ထိ ဖွင့်လှစ်ပြီး ကျောင်းသား ၃ ဒသမ ၆ သန်းကို သိပ္ပံနဲ့နည်းပညာနယ်ပယ်မှာ ဇောက်ချသင်ပေးခဲ့ပါတယ်။

၁၉၆၅ ခုနှစ်မှာ အမေရိကန်တို့ဟာ "အားလုံးအတွက်ပညာရေး၊ အားလုံးအတွက် သိပ္ပံ" "Education for all, Science for all" ဆိုပြီး တစ်နိုင်ငံလုံးကို အင်တိုက်အားတိုက် မောင်းနှင်ခဲ့ပါတယ်။ လူအများစုအတွက် လက်ငင်းအကျိုးပြုမယ့် စက်မှုနဲ့ စိုက်ပျိုးရေးအားသန်တဲ့ တက္ကသိုလ်ကောလိပ်တွေလည်း အလျှင်အမြန် ပေါ်ပေါက်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ အားထုတ်ခဲ့ပါတယ်။ ဒါကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ အရှေ့ပိုင်းပင်လယ်ကမ်းခြေမှာရှိတဲ့ တက္ကသိုလ်ကြီးတွေ၊ ကမ္ဘာ့အရပ်ရပ်က တက္ကသိုလ်တွေဟာ တစ်ထီးတစ်နန်းမဟုတ် ပြည်သူလူထု လိုအပ်ချက်၊ နိုင်ငံရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းအားထားရာ အရင်းအမြစ်ဖြစ်တာ တွေ့ရပါတယ်။ ၁၉၇၀-၇၁ ခုနှစ်များမှာ အမေရိကန်တက္ကသိုလ်များက အသက် မွေးဝမ်းကျောင်း အပါအဝင် ပထမဘွဲ့ရ ရှစ်သိန်း နီးပါး၊ မဟာဘွဲ့ နှစ်သိန်းကျော်နဲ့၊ ပါရဂူဘွဲ့ ၂၉၀၀၀ ကို မွေးထုတ်ခဲ့ပါတယ်။ ယနေ့အချိန်အခါမှာ အမေရိကန်နိုင်ငံက တက္ကသိုလ်ကောလိပ်ပေါင်း ၃၅၀၀ ကျော်ရှိပါတယ်။ သိပ္ပံနဲ့နည်းပညာဟာ ပိုအခရာကျကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုရှိတော့ လူအားငွေအားတွေ ပုံအောပြီး သုံးနိုင်ခဲ့ကြောင်း တွေ့ရပါတယ်။

**မြန်မာနိုင်ငံရဲ့အနာဂတ်ပညာရေး**

"အားလုံးအတွက် ပညာရေး"လို့ မြန်မာတို့ ပြောနေတဲ့အချိန်မှာ အဆင့်မြင့်ပြီးသား နိုင်ငံတွေမှာ "အားလုံးအတွက်အကောင်းဆုံး" (Excellence for all)လို့ ပြောင်းလဲခေါ်တဲ့အထိ သူတို့ရဲ့ ပညာအရည်အသွေးမြင့်ဖို့ အားထုတ်တာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ အားလုံးအတွက်ပညာရေးနဲ့ လုံလောက်နိုင်ခြင်း မရှိတော့လို့ ပြောင်းလဲရတဲ့အထိ ပညာရေးကို ချဉ်းကပ်တာ တွေ့ရပါတယ်။ ဒီအထိ ဘာကြောင့် လုပ်ရသလဲဆိုရင် ဒီခေတ်ရဲ့ ယှဉ်ပြိုင်မှုတစ်ခုလုံးကို ပါဝင်ခွင့်၊ ကြီးစိုးနိုင်ခွင့်ရှိဖို့ မျှော်လင့်ချက်ဟာ ပညာရေးမှာပဲ ရှိတယ်ဆိုတာ သူတို့သိလို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အနာဂတ်ပညာရေးဟာ ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာ နယ်ပယ်သစ်တွေကို ဖြစ်နိုင်စွမ်းရှိအောင်မျှော်မှန်းပြီး ဆောင်ရွက်ကြရမယ့် ခရီးရှည်ဖြစ်ပါတယ်။ အနာဂတ်မှာ သင်ယူလေ့လာမှု အဖွဲ့အစည်းဟာ ကြီးမားကျယ်ပြန့်တာက တစ်ကြောင်း၊ ဒေသမရွေး သင်ယူမှု အခွင့်အလမ်းပေးနိုင်မယ့် ပညာရေးစနစ်ကို တည်ထောင်လျက်ရှိတာမို့ တက္ကသိုလ်များရဲ့ အခန်းကဏ္ဍဟာ လူ့ဘောင်က လိုအပ်တဲ့ ပညာရပ်တွေကိုပေးနိုင်မယ့် အနေအထားဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းနေရလို့ပဲ ဖြစ်ပါတယ်။ ဒီလမ်းခရီးမှာ အနှောင့်အယှက် အခက်အခဲနဲ့ ကြုံရမယ်ဆိုရင် ခရီးဟာ ပိုကြာနိုင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## ပဲခူးမြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ပဲခူး မေ ၅**
(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် စွမ်းရည်သတ္တိဆိုင်ရာ ရဲဗလဆုတံဆိပ်ရရှိသူ၊ တိုင်းဒေသကြီးအဆင့် မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် ပထမဆုရရှိသူများနှင့် စံပြမီးသတ်စခန်းဆုရရှိသည့် ကဝ မြို့နယ် မီးသတ်စခန်းတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က ဗဟိုအဆင့်အမြန်လမ်း စံပြမီးသတ်စခန်းဒုတိယဆုနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူတို့ကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လုပ်သက် ၂၅ နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ၂၀၂၁ ခုနှစ်အတွင်း မီးလောင်မှု တန်ဖိုးအနည်းဆုံးခရိုင်တို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးက မီးသတ်စက်ကလေးပြိုင်ပွဲတွင် ဆုရရှိသောခရိုင်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပဲခူးမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လည်းကောင်း ဂုဏ်ပြုလက်မှတ်များနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက ဂတ်(စ်)မီးလောင်မှု၊ ဆီမီးလောင်မှုနှင့် မော်တော်ယာဉ်မတော်တဆမှု ဖြစ်စဉ်များတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်မှု၊ Hydraulic Platform & Vehicle Heavy Lifting Vehicle နှင့် ခေတ်မီမီးငြိမ်းသတ်ရေးကိရိယာများ အသုံးပြုပြီး မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတို့ကို သရုပ်ပြသကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး မီးသတ်သရုပ်ပြသသည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များနည်းတူ အထပ်မြင့်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသမှုတွင် ပါဝင်ခဲ့သည့် တတိယတန်းကျောင်းသား မောင်သက်နိုင်ထူးတို့အား ဂုဏ်ပြုငွေကျပ် ငါးသောင်း ထောက်ပံ့ပေးအပ်ကာ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

**နေပြည်တော် မေ ၅**
(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ ခရိုင်မီးသတ်စခန်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မီးသတ်ဦးစီးမှူးရုံး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မီးသတ်ဦးစီးမှူးရုံးနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမတို့၌ ပြုလုပ်ကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များက (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားမိန့်ခွန်းများ အသီးသီးပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စံပြမီးသတ်စခန်းဆု၊ သင်တန်းထူးချွန်ဆု၊ မီးသတ်ကျင့်ဝတ်ဆုရရှိကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် အလှူငွေများကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပြခန်းများတွင် ခင်းကျင်းပြသထားသည့် မီးသတ်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးသတ်စက်၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လှိုင်ကော်မြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**လှိုင်ကော် မေ ၅**
ကယားပြည်နယ် လှိုင်ကော်မြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက်အမှာစကား ပြောကြားသည်။(အပေါ်ပုံ)

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမြကြိုင်က လက်ခံယူပြီး မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုနည်းလမ်းများနှင့် မီးငြိမ်းသတ်သည့် နည်းစနစ်များကို လက်တွေ့သရုပ်ပြသသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ခြင်း နည်းစနစ်များ သရုပ်ပြသခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဇင် (လှိုင်ကော်)**

## ကော့သောင်းမြို့၌ (၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကော့သောင်း မေ ၅**
(၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် (၇၆) နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုသည့်အနေဖြင့် ကော့သောင်းခရိုင် မီးသတ်တပ်ဖွဲ့ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းဦးနှင့် တာဝန်ရှိသူများက ရာထူးတိုးမြှင့်ခံရသည့် တပ်ဖွဲ့ဝင်တစ်ဦးအား ရာထူးအဆင့်တံဆိပ် တပ်ဆင်ချီးမြှင့်ပေးပြီး ခရိုင်အဆင့် မီးသတ်ကျင့်ဝတ် ပထမဆုရရှိသည့် တပ်ဖွဲ့ဝင်တစ်ဦး၊ ခရိုင်အဆင့် အိမ်ထောင်သည်လိုင်းခန်းဆုရရှိသည့် တပ်ဖွဲ့ဝင်များ၊ လုပ်သက် (၂၅) နှစ်ပြည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကော့သောင်းမြို့နယ် မာရမ်းကျေးရွာ နယ်မြေ မီးသတ်စခန်း အဆောက်အအုံ တည်ဆောက်ရန် မြေနေရာ လှူဒါန်းပေးသည့် အလှူရှင်တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကာ ခရိုင်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားကြောင်း သိရသည်။

**ကျော်စိုး( ကော့သောင်း)**



---

*စာမျက်နှာ ၁၀ မှ*

ပညာရေးဆိုတာ နှစ်ရှည်အကောင်အထည်ဖော်ရမယ့် လုပ်ငန်းကြီးဖြစ်လို့ ယနေ့တိုင် အမျိုးသားပညာရေး မဟာဗျူဟာကျစီမံကိန်းတွေနဲ့ အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။ ၂၁ ရာစုနှစ် ဂလိုဘယ်လိုက်ဇေးရှင်းဟာ ၁၉ ရာစုနှစ် ကိုလိုနီစနစ်နဲ့ ခြားနားပါတယ်။ လူငယ်၊ လူကြီးများကိုပင် မျက်နှာသာမပေး၊ လှိုင်းဂယက်ပမာ ရိုက်ခတ်နေပါတယ်။ မည်သို့သော အခြေအနေပင်ဖြစ်စေ နိုင်ငံ့ခေါင်းဆောင်တွေဟာ ပညာရေးကို ရှေ့တန်းတင်ဦးစားပေးဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ယနေ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ပညာရေးမြှင့်တင်မှုကို အကောင်အထည်ဖော်ရာမှာ မားမားမတ်မတ် ရပ်တည်ပေးနေတာဟာ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကြီးကို သင်ယူနေတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ ပညာရည်မြင့်မားတဲ့ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်ရဲ့ ရေရှည်အကျိုးစီးပွားအတွက် ဘက်ပေါင်းစုံက အားထုတ်နေကြပါတယ်။ ပညာရေးကိစ္စဟာ ပညာရေးဝန်ထမ်းတွေနဲ့ချည်း မရနိုင်ဘဲ ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ ပညာရေးနဲ့ လူ့အဖွဲ့အစည်းဟာ အခက်အခဲကြားက လက်ချင်းချိတ်ပြီး အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဟာ မည်သည့်အခြေအနေ အချိန်အခါမဆို အမျိုးသားရေးမို့ မည်သူ့ကိုမျှ ချန်ထားခြင်းမရှိ၊ ဘေးဖယ်ထားခြင်း မရှိ။ No one is left behind ဆိုသလိုပါပဲ။

ယနေ့အချိန်အခါမှာ တက္ကသိုလ်တွေဟာ ကိုယ်ပိုင်စီမံခန့်ခွဲခွင့် ရရှိလာပြီး မိမိဒေသရဲ့ လူ့အဖွဲ့အစည်းကြီးကို ကြီးမားကျယ်ပြန့်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်စွမ်း ပိုမိုရှိလာပါလိမ့်မယ်။ တက္ကသိုလ်နဲ့ လူ့အဖွဲ့အစည်းဟာ ဗဟိုချက်မနေရာကို တစ်လှည့်စီ ရောက်ရှိပါလိမ့်မယ်။ မြန်မာတက္ကသိုလ်တွေဟာ သင်ကြားမှုသက်သက်မဟုတ်၊ ကမ္ဘာ့အရပ်ရပ်က တွေ့ရှိချက်တွေကို သင်ရုံသက်သက်မဟုတ်၊ တက္ကသိုလ်တွေဟာ မိမိနယ်ပယ်တစ်ခုအတွင်းမှာ ထူးချွန်တဲ့သူ အဆင့်မြင့် ဒီဂရီဘွဲ့ရသူတွေ မွေးထုတ်ပေးရုံ သက်သက်မဟုတ်တော့ဘဲ တက္ကသိုလ်ပရဝဏ်အပြင်ဘက် စီးပွားရေးဖွံ့ဖြိုးဖို့ လူမှုဘဝသာယာဝပြောဖို့၊ နည်းပညာမြင့်မားရေးနဲ့ ဝန်ဆောင်မှုကို မြှင့်တင်ပေးဖို့ ပညာရေးဟာ အလွန်အရေးပါတဲ့ ကဏ္ဍ ဖြစ်လာပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၁၅ | ၂၁၀၅ | ၂၀၇၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၂၀ | ၂၁၀၀ | ၂၁၉၀ | ၂၂၀၅ | ၂၁၀၅ | ၂၁၁၅ | ၂၁၅၀ | ၂၁၅၀ | ၂၁၅၀ | ၂၃၇၀ | ၂၄၆၅ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၀ | ၂၂၇၀ | ၂၁၆၅ | ၂၁၈၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၃၀ | ၂၆၅၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၇၀ | ၂၄၆၅ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၈၅ | ၂၄၈၅ | ၂၇၀၅ | ၂၇၂၅ |
| HSD (50 ppm) | ၂၄၃၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၇၅ | ၂၅၇၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၂၇၆၀ |
| HSD (10 ppm) | ၂၄၃၀ | ၂၄၇၅ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၇၅ | ၂၅၇၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၂၇၆၀ |

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၆ | ၂၀၃၉ |
| 95 Ron | ၂၀၂၅ | ၂၀၉၉ |
| HSD (500 ppm) | ၂၂၉၂ | ၂၃၆၈ |
| HSD (50 ppm) | ၂၃၂၀ | ၂၃၉၆ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၉၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် မေ ၅



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၆၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၁၄၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၅၆၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၇၃၃၂ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၁၄၉၂၆ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၂၄၇၄၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အသက်မပြည့်သေးသည့် မိန်းကလေးကို တရုတ်နိုင်ငံသားက သံရုံး၊ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်သဖြင့် လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၅

အသက်မပြည့်သေးသည့် မိန်းကလေးကို တရုတ်နိုင်ငံသားက သံရုံး၊ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်သဖြင့် လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်စီ အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ရွာနေ မလှလှနွယ်(ခ)မမာယာနွယ်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်နေ မ ... (၁၇) နှစ် ကို ၎င်းအလုပ်ရှင်ဖြစ်သည့် တရုတ်နိုင်ငံသား Yangxiaq Ming (ခ)ရောင်မြင့်က ချစ်ကြိုက်နေကြောင်း၊ ပေါင်းသင်းပါက ငွေကျပ်သိန်း ၁၅၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသား Yangxiaq Ming (ခ)ရောင်မြင့်က သံရုံး၊ တရားရုံးတို့၏ ခွင့်ပြုချက်မရှိဘဲ သားမယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သဖြင့် လှိုင်သာယာမြို့မ ရဲစခန်း (ပ) ၂၄၂၆/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရုတ်နိုင်ငံသား Yangxiaq Ming (ခ) ရောင်မြင့်နှင့် မလှလှနွယ် (ခ) မာယာနွယ်တို့ကိုမေ၃ရက်တွင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၆/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ်သုံးနှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မော်လိုက်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

**နေပြည်တော် မေ ၅**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာ အဆောက်အဦများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများကို အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင်အဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများကိုပါ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာတွင် မေ ၄ ရက် နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ကို စိစစ်ခဲ့ရာ မေ ၃ ရက် နံနက် ၁ နာရီခွဲတွင် အဆိုပါကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့များက လက်နက်များကိုင်ဆောင်ကာ ရောက်ရှိလာပြီး ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်ဖြစ်သူ ဦးဓမ္မပီယ(၅၇)နှစ် ဝါတော် (၃၀) ဝါ (ဘ)ဦးစိန်အုပ်ကို ကျောင်းအပြင်သို့ ဖမ်းဆီးခေါ်ဆောင်ကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဆရာတော် ဦးဓမ္မပီယတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ် နေရာ၌ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်နှင့်အတူ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဦးသူရိယ(၄၄)နှစ် ဝါတော်(၂၄)ဝါနှင့် ဦးဉာဏိက(၃၅)နှစ် ဝါတော်(၁၆) ဝါတို့မှာ အကြမ်းဖက်သမားများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်ရေး ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း သိရသည်။

အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၃၉ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါးတို့ သေဆုံးခဲ့ပြီး အထက်ပါဖြစ်စဉ်မှ သံဃာတော်အား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံ တပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ ဇင်ဇင်ကျော်၊ အမှတ်(၅)ရပ်ကွက်နေ ဖူးငုံသဥ္ဇာနိုင်(ခ)ဖူးဖူးတို့သည် ၎င်းတို့အသုံးပြုသည့် “Zin Zin Kyaw” Facebook အကောင့်နှင့် “Phoo Phoo” Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် နောင်ချိုကြီးကျေးရွာနေ ညီညီလှိုင်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Hlaing” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကုက္ကိုလ်စုကျေးရွာနေ အေးချမ်းမောင်သည် ၎င်းအသုံးပြုသည့် “Aye Chan Maung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဟိန်းတိုးဇော် (ခ)ချမ်းချမ်းနှင့် အမှတ်(၂)ရပ်ကွက်နေ အောင်နိုင်ဝင်းတို့သည် ၎င်းတို့အသုံးပြုသည့် “Chan Chan” Facebook အကောင့်နှင့် “Aung Naing Win” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ ယာဉ်၊ ယန္တရားဆက်စပ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်နှင့် သံတွဲမြို့နယ်များအတွင်း တရားမဝင် သစ်မျိုးစုံ ၆၇ ဒသမ ၄၄၅၈ တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၃၃၃၂၂၂) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် မေ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံမြို့မှ ပဲခူးမြို့သို့ ထွက်ခွာလာသည့် မော်တော်ယာဉ်သုံးစီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အချိုရည်နှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)



စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၆၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်၊ ယန္တရား ဆက်စပ်ပစ္စည်း (အဟောင်း) များနှင့် အလူမီနီယံ ခေါက်လှေကားများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၉၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာသွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၈၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရေကြည်မြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၂၃၆၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၄၈) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ၅၂၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၇၀၁၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂ ရက်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၅၅၁၇၈၆ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားငွေလဲလှယ်မှုအကျပ်အတည်းကြောင့် သီရိလင်္ကာနိုင်ငံ၌ ဒီဇယ်ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရ

ကိုလံဘို မေ ၅

**သီရိလင်္ကာနိုင်ငံသည် နိုင်ငံခြားငွေလဲလှယ်မှု အကျပ်အတည်း ပိုမိုဆိုးရွားလာသောကြောင့် ဒီဇယ်ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ကန်ချနာ ဝိဂျီဆီကီရာက မေ ၅ ရက်တွင် ပြောကြားသည်။**

အဆိုပါ ဝန်ကြီးသည် နိုင်ငံအနေဖြင့် တစ်နေ့လျှင် ဒီဇယ် မက်ထရစ်တန် ၄၀၀၀ လိုအပ်ကြောင်း လွှတ်တော်သို့ တင်ပြထားသော်လည်း လက်ရှိတွင် နိုင်ငံပိုင် Ceylon Petroleum Corporation က တစ်နေ့လျှင် ဒီဇယ် မက်ထရစ်တန် ၁၀၀၀ မှ ၁၅၀၀ အထိသာ ထုတ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

လက်ရှိတွင် ပြည်တွင်း၌ ဓာတ်ဆီပြတ်တောက်မှုမရှိကြောင်း၊ နေ့စဉ် ဓာတ်ဆီမက်ထရစ်တန် ၃၀၀၀ ခန့် ထုတ်ပေးလျက်ရှိကြောင်း၊ ဓာတ်ဆီမက်ထရစ်တန် ၄၀၀၀၀ တင်ဆောင်လာသော သင်္ဘောတစ်စင်း မေ ၄ ရက် ညပိုင်းက သီရိလင်္ကာနိုင်ငံသို့ ရောက်ရှိလာကြောင်း ၎င်းက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် ဖေဖော်ဝါရီလနောက်ပိုင်းကတည်းက ဒီဇယ်ပြတ်တောက်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် အသုံးပြုနိုင်သော နိုင်ငံခြားအရန်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ အောက်သာရှိကြောင်း မေ ၄ ရက်တွင် ဘဏ္ဍာရေးဝန်ကြီး အလီဆာဘရီက ပြောကြားသည်။

ဆင်ဟွာ




သီရိလင်္ကာနိုင်ငံ ကိုလံဘိုရှိ အလုပ်သမားတစ်ဦးက ယာဉ်တစ်စီးထဲသို့ ဒီဇယ်ဖြည့်သွင်းနေစဉ်။

# မွန်ဂိုလီးယား၌ လေပြင်းမုန်တိုင်းနှင့် အဝါရောင်ဖုန်မုန်တိုင်း သတိပေးချက်များ ထုတ်ပြန်

အူလန်ဘာတာ မေ ၅

လေပြင်းမုန်တိုင်းနှင့် အဝါရောင် ဖုန်မုန်တိုင်း သတိပေးချက်များကို မွန်ဂိုလီးယား မိုးလေဝသနှင့် ပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

လေပြင်းမုန်တိုင်းနှင့် အဝါရောင် ဖုန်မုန်တိုင်းများသည် ဒွန်ဒိဂိုဘီ၊ အွန်နူဂိုဘီနှင့် ဒေါ်နိုဂိုဘီကဲ့သို့သော နိုင်ငံ၏ တောင်ဘက်ပိုင်းရှိ ဂိုဘီသဲကန္တာရပြည်နယ်များသို့ တိုက်ခတ်နိုင်ကြောင်းနှင့် လေတိုက်နှုန်းမှာ တစ်စက္ကန့်လျှင် ၁၈ မီတာမှ ၂၄ မီတာအထိ ရောက်ရှိနိုင်ကြောင်း ရာသီဥတု စောင့်ကြည့်ရေး အေဂျင်စီက ပြောကြားသည်။



မွန်ဂိုလီးယားနိုင်ငံ၌ ဖုန်မုန်တိုင်း တိုက်ခတ်နေသည့် မြင်ကွင်းကို တွေ့ရစဉ်။

မွန်ဂိုလီးယားနိုင်ငံ၌ ဖုန်မှုန့်နှင့် နှင်းမုန်တိုင်းများသည် နွေဦးတွင် တိုက်ခတ်လေ့ရှိကြောင်း၊ ၂၀၂၂ ခုနှစ် မတ်လတွင် မွန်ဂိုလီးယားနိုင်ငံ၌ ဖုန်မှုန့်နှင့် ဖုန်မုန်တိုင်းများကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ကွန်ဂိုဒီမိုကရက်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါ ထပ်မံကူးစက်ခံရသူတစ်ဦး တွေ့ရှိ

ကင်ရှာဆာ မေ ၅

ကွန်ဂိုဒီမိုကရက်သမ္မတနိုင်ငံ အနောက်မြောက်ပိုင်းတွင် အီဘိုလာရောဂါ ထပ်မံကူးစက်ခံရသူတစ်ဦး တွေ့ရှိသောကြောင့် ဧပြီလနှောင်းပိုင်းတွင် (၁၄) ကြိမ်မြောက် အီဘိုလာရောဂါဖြစ်ပွားကြောင်း ကြေညာပြီးနောက်ပိုင်း အတည်ပြုကူးစက်ခံရသူ သုံးဦးအထိ ရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၄ ရက်တွင် ပြောကြားသည်။

ကွန်ဂိုကျန်းမာရေးဝန်ကြီးဌာနကလည်း မေ ၄ ရက်တွင် အမ်ဘာဒါကာ၌ တတိယမြောက် အီဘိုလာရောဂါကူးစက်ခံရသူ တွေ့ရှိကြောင်း အတည်ပြုခဲ့သည်။ ကွန်ဂိုဒီမိုကရက်သမ္မတနိုင်ငံသည် အမ်ဘာဒါကာတွင် ပထမဆုံး အီဘိုလာကူးစက်ခံရသူတွေ့ရှိကြောင်း အတည်ပြုပြီးနောက် ဧပြီ ၂၃ ရက်တွင် (၁၄) ကြိမ်မြောက် အီဘိုလာရောဂါဖြစ်ပွားကြောင်း ကြေညာခဲ့သည်။

အီဘိုလာရောဂါကူးစက်ခံရသည့် ပထမဆုံးနှစ်ဦးသည် ဆွေမျိုးများဖြစ်ကြပြီး ရောဂါလက္ခဏာပြသပြီးနောက် သေဆုံးခဲ့ကြောင်း သိရသည်။ ကွန်ဂိုဒီမိုကရက်သမ္မတနိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် (၁၃) ကြိမ်မြောက် အီဘိုလာရောဂါဖြစ်ပွားမှု အဆုံးသတ်ကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၅၄ ဦးထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၅

မလေးရှားနိုင်ငံ၌ မေ ၄ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၅၄ ဦး ထပ်မံတွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၄၄၅၂၈၃၅ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြထားသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ တစ်ဦးရှိပြီး ဒေသတွင်း ကူးစက်ခံရသူ ၁၀၅၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ သုံးဦးရှိလာသဖြင့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်း ၃၅၅၆၇ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၁၀၇ ဦး ထပ်မံရှိလာသဖြင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၃၈၈၄၉၁ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၂၈၇၇၇ ဦးပြီး ၇၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူနေရပြီး ၄၁ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာများ လိုအပ်နေကြောင်း သိရသည်။

ဆင်ဟွာ



မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်ယူနေသည်ကို တွေ့ရစဉ်။

# အာဖဂန်နစ္စတန်နိုင်ငံ ဘက်ဝမ်နှင့် ဘက်ဂျက်ပြည်နယ်တို့တွင် ရေကြီးမှုကြောင့် ရှစ်ဦးသေဆုံး ၁၃ ဦးဒဏ်ရာရရှိ

အာဖဂန်နစ္စတန် မေ ၅

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘက်ဝမ်ပြည်နယ်နှင့် အနောက်ပိုင်း ဘက်ဂျက်ပြည်နယ်ဒေသတစ်လျှောက်တွင် မေ ၄ ရက်က ရေကြီးမှုဖြစ်ပွားခြင်းကြောင့် ရှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက မေ ၅ ရက်တွင် ပြောကြားသည်။

ဘက်ဝမ်ပြည်နယ်မြောက်ပိုင်း ဒါနာအီးဂေါ်ရီ ခရိုင်တွင် မေ ၄ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခြင်းကြောင့် လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာ ရရှိခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခြင်းမှာ ကျေးရွာပေါင်းများစွာကို သက်ရောက်မှုရှိကြောင်း ပြည်နယ်ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန ညွှန်ကြားရေးမှူး မော်လဝီမူစတာဖာ ဟာမီက ပြောကြားခဲ့သည်။

ရေကြီးမှုဖြစ်ပေါ်ခြင်းကြောင့် အိမ်ခြေ ၉၀၀ ခန့် ဆိုးရွားစွာပျက်စီးခဲ့ပြီး လယ်မြေ ဧက ၉၀၀၀ ခန့် ပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။ အလားတူ မေ ၄ ရက်က ဘက်ဂျက်ပြည်နယ် ကာဒစ်ခရိုင်နှင့် ဂေါ့ဒစ်ခရိုင်တို့တွင်လည်း ရုတ်တရက်ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကလေးနှစ်ဦးအပါအဝင် လေးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး မော်လဝီဘာရီဒက်ဆာဘီရီက ပြောကြားခဲ့သည်။

မေ ၃ ရက်ကလည်း ရေကြီးမှုဖြစ်ပေါ်ခြင်းကြောင့် ဖာရက်ပြည်နယ်မြောက်ပိုင်းတွင် နှစ်ဦးသေဆုံးပြီး ပါဝမ်ပြည်နယ် အရှေ့ပိုင်းတို့တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်အပါအဝင် အခြားဒေသများတွင် မေ ၄ ရက်နှင့် ၅ ရက် တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြုံတွေ့ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# မေ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါဖြင့် သေဆုံးသူမရှိ

(၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၉၈,၃၆၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၉၆၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၉၀၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၁၇) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၂) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၆) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၄၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၅၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၇၉၇) ခု | (၇) ဦး |
| စုစုပေါင်း | (၈,၇၆၁) ခု | (၁၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၅-၅ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၃၃၅၆၄၉၀ | ၈၀၈၃၆၄၁၈ | ၁၀၂၃၅၁၃ |
| ၂။ | အိန္ဒိယ | ၄၃၀၉၁၃၉၃ | ၄၂၅၄၇၆၉၉ | ၅၂၃၈၇၅ |
| ၃။ | ဘရာဇီး | ၃၀၅၀၂၅၀၁ | ၂၉၆၀၂၃၇၂ | ၆၆၃၈၁၆ |
| ၄။ | ပြင်သစ် | ၂၈၈၀၅၆၉၀ | ၂၇၃၀၁၀၂၁ | ၁၄၆၃၇၆ |
| ၅။ | ဂျာမနီ | ၂၅၁၁၆၃၆၃ | ၂၃၀၀၀၅၀၀ | ၁၃၆၄၀၅ |
| ၆။ | ဗြိတိန် | ၂၂၀၉၀၅၂၃ | ၂၁၃၉၅၈၈၈ | ၁၇၅၅၄၆ |
| ၇။ | ရုရှား | ၁၈၂၁၁၁၇၈ | ၁၇၅၇၈၆၅၉ | ၃၇၆၅၆၀ |
| ၈။ | တောင်ကိုရီးယား | ၁၇၄၃၈၀၆၈ | စိစစ်ဆဲ | ၂၃၁၅၈ |
| ၉။ | အီတလီ | ၁၆၆၃၃၉၁၁ | ၁၅၂၈၂၈၀၀ | ၁၆၄၀၄၁ |
| ၁၀။ | တူရကီ | ၁၅၀၃၇၂၄၂ | ၁၄၉၃၄၀၂၉ | ၉၈၈၀၈ |

## ၅-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၆၆၆၇၅၁ | ၉၃၁၄၄၂၀ | ၄၃၀၄၉ |
| အင်ဒိုနီးရှား | ၆၀၄၇၇၄၁ | ၅၈၈၄၇၇၀ | ၁၅၆၃၄၀ |
| မလေးရှား | ၄၄၅၂၈၃၅ | ၄၃၈၈၄၉၁ | ၃၅၅၆၇ |
| ထိုင်း | ၄၃၀၀၆၁၄ | ၄၁၇၀၄၁၉ | ၂၈၉၁၇ |
| ဖိလစ်ပိုင် | ၃၆၈၆၅၄၃ | ၃၆၂၁၄၁၀ | ၆၀၄၃၉ |
| စင်ကာပူ | ၁၂၀၄၁၈၄ | ၁၁၄၄၁၅၃ | ၁၃၄၀ |
| မြန်မာ | ၆၁၂၉၆၅ | ၅၉၁၉၀၂ | ၁၉၄၃၄ |
| လာအို | ၂၀၈၃၆၈ | ၂၀၅၃၇၈ | ၇၄၈ |
| ဘရူနိုင်း | ၁၄၂၃၁၂ | ၁၄၁၅၄၀ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၅၈ | ၁၃၃၁၅၆ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များအားလုံး အားကစားအောင်မြင်မှုဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြပါစေ

**ကိုငွေး (ကနောင်)**

မကြာမီကျင်းပတော့မည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြတော့မည့် ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအားလုံး ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ပြိုင်ပွဲကာလမှာလည်း ၂၀၂၂ ခုနှစ် မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့နှင့်နီးစပ်ရာ ၁၂ နေရာတွင် ကျင်းပသွားမည်ဖြစ်၍ ပြိုင်ပွဲကျင်းပရန်လည်း ခုနစ်ရက်ခန့်သာ လိုပါတော့သည်။

### ပြင်ဆင်လေ့ကျင့်

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက်လည်း လွန်ခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ အားကစားသမားများအားလုံးအား နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးတွင် တစ်နှစ်ကျော်ခန့် ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ကြပြီး ပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း အားကစားခြောက်မျိုးဖြစ်သည့် ပြေးခုန်ပစ်၊ လက်ဝှေ့၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူး၊ လှေလှော် (ကနူး/ကယက်) အားကစားသမားစုစုပေါင်း ၇၉ ဦးကို တရုတ်နိုင်ငံသို့ စေလွှတ်လေ့ကျင့်စေခဲ့သည့်အပြင် နိုင်ငံတကာမှ အဆင့်မီနည်းပြများ ငှားရမ်းလေ့ကျင့်မှုအနေဖြင့်လည်း မြားပစ်နှင့် တိုက်ကွမ်ဒို အားကစားနည်းများအတွက် ကိုရီးယားနည်းပြ နှစ်ဦးဖြင့် လည်းကောင်း၊ ပီတန်းအားကစားနည်းအတွက် ထိုင်းနည်းပြတစ်ဦးဖြင့်လည်းကောင်း အတွေ့အကြုံရှိ မြန်မာလက်ရွေးစင်နည်းပြများဖြင့် ပူးတွဲလေ့ကျင့်ပေးခဲ့ကြပြီးအားကစားနည်းအားလုံးမှအားကစားသမားများ စနစ်တကျလေ့ကျင့်နိုင်စေရေးအတွက် ဂျပန်နိုင်ငံမှ GYM နည်းပြ တစ်ဦးအားလည်း ငှားရမ်းလေ့ကျင့်စေခဲ့ပါသည်။

ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်နေစဉ်ကာလအတွင်းတွင် အားကစားဌာနမှ အားကစားနည်းအလိုက် လေ့ကျင့်မှုကြပ်မတ်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြီး ဌာနအကြီးအကဲများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များအပါအဝင် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများကိုယ်တိုင် မကြာခဏသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်ချက်မှန်သမျှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြပါသည်။ ပြိုင်ပွဲဝင် အားကစားသမားများအားလုံး အနေဖြင့်လည်း ပြိုင်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေကြပြီဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး စိတ်အားထက်သန်လျက်ရှိနေကြပြီဖြစ်ပါသည်။




အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားသမားများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မတ်လအတွင်းက တွေ့ဆုံအားပေးစဉ်။

### သွားရောက်ယှဉ်ပြိုင်ရန် အဆင့်သင့်ဖြစ်

ယခုအခါ ပြိုင်ပွဲကြီးသို့ အားကစားနည်း ၂၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အုပ်ချုပ်/နည်းပြ ၉၇ ဦး၊ အားကစားသမား ၂၉၃ ဦး၊ အုပ်ချုပ်/ထောက်ပံ့သူအဖွဲ့ ၃၈ ဦးအပါအဝင် စုစုပေါင်း ၄၂၈ ဦးဖြင့် သွားရောက်ယှဉ်ပြိုင်ရန် အဆင်သင့်ဖြစ်နေကြပြီ ဖြစ်ပါသည်။

ဧပြီ ၂၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် အောင်နိုင်ရေးအလံပေးအပ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို နိုင်ငံတော်အကြီးအကဲက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံထံ ပေးအပ်ခဲ့သည်။ အားကစားအောင်နိုင်ရေးသည် မြန်မာတစ်မျိုးသားလုံး၏ မျှော်လင့်ချက်ဖြစ်ကြောင်း၊ အနိုင်ရရှိသည့် ပြိုင်ပွဲတိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား လွှင့်ထူပြီး ကျန်ပြိုင်ပွဲဝင်နိုင်ငံများမှ အလေးပြုကြရသည့် မြင်ကွင်း၊ မြန်မာအားကစားသမားများ၏ နိုင်ငံတော်သီချင်း သီဆိုအောင်ပွဲခံနေသည့် မြင်ကွင်းများကို ပြည်သူတစ်ရပ်လုံးမြင်တွေ့လိုကြောင်း နိုင်ငံတော်အကြီးအကဲက ထည့်သွင်းပြောကြားသွားခဲ့သည်။

### ချီးမြှင့်ထောက်ပံ့မှုများ

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းလျက်ရှိရာတွင် အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ခေတ်အဆက်ဆက် အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် အောင်မြင်မှု ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း အသက် ၆၀ ပြည့်မြောက်သည့် အချိန်မှစပြီး သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိပါသည်။ နိုင်ငံတော်မှလစဉ်ချီးမြှင့်ထောက်ပံ့ငွေ အသေးစိတ်အား ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၂၀၀၀၀၀၊ ငွေတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၁၅၀၀၀၀၊ ကြေးတံဆိပ် တစ်ခု ရယူပေးနိုင်ခဲ့ပါက လစဉ်ချီးမြှင့်ငွေ ၁၀၀၀၀၀ ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခုထက် ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၁၅၀၀၀၀၊ ရွှေတံဆိပ် ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၁၀၀၀၀၀၊ ရွှေတံဆိပ် တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၇၀၀၀၀၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၅၀၀၀၀၊ ကြေးတံဆိပ် တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေ ၃၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်လျက် ရှိပါသည်။

၂၀၂၂ ခုနှစ် (၇၇) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားတွင် အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ငါးခုအထက် ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို "လူမှုထူးချွန် ပထမအဆင့်" ချီးမြှင့်ပေးအပ်ခဲ့သည်။ သို့ဖြစ်၍ အဆိုပါ အောင်မြင်မှုရရှိခဲ့ကြသည့် အားကစားသမားများနည်းတူ မျိုးဆက်သစ် အားကစားသမားများသည်လည်း အောင်မြင်မှုရရှိအောင် ကြိုးစားကြရမည်ဖြစ်ပါသည်။ အားကစားဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကစားသမားအားလုံး၏ ပခုံးထက်တွင် ရှိနေကြပြီလည်း ဖြစ်ပါသည်။

### ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ငွေများ

၎င်းအပြင် နိုင်ငံတော်အကြီးအကဲက အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားတွင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားမောင်မယ်များအားလုံးကိုလည်း ဆုရအားကစားသမားများအတွက် ရွှေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ် (တစ်ဦးချင်း) ငွေကျပ်သိန်း ၁၀၀ ၊ အသင်းလိုက် ရွှေတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ်သိန်း ၁၀၀၊ အသင်းလိုက် ငွေတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ်သိန်း ၇၀၊ အသင်းလိုက် ကြေးတံဆိပ်ဆွတ်ခူးခဲ့လျှင် (တစ်ဦးချင်း) ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၊ အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များ

*စာမျက်နှာ ၁၇ သို့*

**◆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာ့အားကစားအောင်မြင်မှုရရှိရေးအတွက် ချီးမြှင့်မှုနှင့် ထောက်ပံ့ပေးမှုအစီအစဉ်များမှာ လွန်စွာကျေနပ်အားရဖွယ် ကောင်းလှပါသည်။ သို့ဖြစ်၍ ပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များအနေဖြင့်လည်း ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမို ရရှိအောင် စွမ်းဆောင်ကြိုးပမ်းသွားရမည်သာဖြစ်ပါသည်**

**◆ နိုင်ငံတော်အပိုင်းက ထောက်ပံ့ချီးမြှင့်မှုရှိနေသကဲ့သို့ အားကစားသမားတစ်ဦးချင်းစီတိုင်းကလည်း နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာမြင့်မားရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားကြိုးမာန်တက် ရေကုန်ရေခန်း အားကစားသမားကောင်းစိတ်ဓာတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံတော်သားတို့အတွက် နိုင်ငံချစ်စိတ်ဖြင့် အစွမ်းကုန် ကြိုးစားကြရန်သာ လိုအပ်ပါတော့သည်**

## ကျေးလက်လမ်းလုပ်ငန်းများနှင့် ဖူးကြီးရေလှောင်တမံမှ ရေပေးဝေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တိုက်ကြီးနှင့် မှော်ဘီမြို့နယ်အတွင်းမှ စနစ်ကျလယ်မြေများ ဖော်ထုတ်မည့်နေရာ၊ ကျေးလက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဖူးကြီးရေလှောင်တမံနှင့် ဖူးကြီးရေတွန်းစက်ရုံမှ ရေပေးဝေနေမှုများကို မေ ၃ ရက်က လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာအုပ်စုတွင် တောင်သူ ၄၇ ဦးအတွက် စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်နေသော စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၃၀၀ ဖော်ထုတ်သည့်နေရာနှင့် တိုက်ကြီး-ဖူးကြီး- ဖောင်ကြီး- ဘုရားကြီး (ကြီးလေးကြီး)လမ်းမှ မှော်ဘီမြို့နယ် မလေးရှားဝိုင် ကျေးရွာအုပ်စု မေတ္တာအေးကျေးရွာ အဝင်လမ်း (အရှည် ၄၆၅၇ ပေ)၌ တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာနက ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက မြို့တော်နေပြည်သူများအား သောက်ရေသုံးရေ ဖြန့်ဝေပေးနေသည့် မှော်ဘီမြို့နယ် ဖူးကြီးရေလှောင်တမံနှင့် ဖူးကြီး ရေတွန်းစက်ရုံတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မှော်ဘီမြို့နယ် ဓမ္မာရုံကျောင်းနှင့် အင်းစိန်မြို့နယ် သာသနာ့ဗိမာန်တော် စာဖြေဌာနတို့၌ အစိုးရဓမ္မာစရိယတန်းနှင့် ပါဠိပထမပြန်စာမေးပွဲ၌ နိကာယ်စာမေးပွဲ ဖြေဆိုနေကြသည့် သံဃာတော်နှင့် သီလရှင်များအား ဖူးမြော်ကြည်ညို၍ အလှူငွေများ လှူဒါန်းခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

## တာမွေမြို့နယ်၌ ပြည်သူ ၃၇၀၀ ကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးပြီးဖြစ်

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်စေရန်အတွက် ကျိုက္ကဆံလမ်းမကြီးပေါ်ရှိ အလုပ်သမားဆေးရုံကြီး (ရန်ကုန်) ၌ မြို့နယ်အတွင်းရှိပြည်သူများအား ရုရှားသမ္မတနိုင်ငံမှ လှူဒါန်းထားသော Sputnik Light အမျိုးအစား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ ယနေ့အထိ မြို့နယ်အတွင်းရှိ ပြည်သူ ၃၇၃၇ ဦးအား ထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများအနေဖြင့် အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဝင်များက ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ တာမွေမြို့နယ်တွင် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ



ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များကို တိကျစွာ ဆက်လက်လိုက်နာခြင်းဖြင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီက စဉ်ဆက်မပြတ် အသိပညာပေး နှိုးဆော်လျက်ရှိသည်။

**နိုင်လင်းအောင်(တာမွေ)**

---

## မင်းလှမြို့၌ လေဘေးသင့်ပြည်သူများအားထောက်ပံ့ငွေများပေးအပ်

**မင်းလှ မေ ၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သော ထောက်ကြန့်ကျေးရွာအုပ်စုမှ ဘေးသင့်ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများကို မေ ၅ ရက်တွင် ပေးအပ်သည်။

ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်သူများလက်ဝယ် အရောက်ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိုးထွဋ်နှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကေသီမြင့်နှင့်တာဝန်ရှိသူများက ဘန့်ဘွေးပင်ကျေးရွာအတွင်းရှိ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သောနေအိမ် ၂၁ လုံး၊ အိမ်ထောင်စု ၂၁ စုမှ လေဘေးသင့်လူဦးရေ ၇၁ ဦးအတွက် အိမ်ဆောက်ပစ္စည်းဖိုးကျပ် ၁၀၆၀၀၀၀ နှင့် တစ်ပတ်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၁၄၉၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ပေါက်စ(မင်းလှ)**

---

## သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) အသုံးပြုနည်းနှင့် ရရှိမည့်အကျိုးကျေးဇူးများအကြောင်း စကားဝိုင်းဆွေးနွေး

**အိမ်မဲ မေ ၅**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) အသုံးပြုနည်းနှင့် ရရှိမည့်အကျိုးကျေးဇူးများအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ဆိတ်ချေးကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ မေ ၅ ရက်က ပြုလုပ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က ဝင်ငွေတွက်ချေကိုက်သော စိုက်ပျိုးရေးအကြောင်း၊ လယ်ယာမြေများကို ပြုပြင်ရမည့်အကြောင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ စသည်တို့ကို တောင်သူများအား ဆွေးနွေးပြောကြားခဲ့ပြီး တောင်သူများကသိရှိလိုသည်များကို မေးမြန်းရာ ဦးစီးမှူးက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဆိတ်ချေးကုန်းကျေးရွာနေ တောင်သူဒေါ်သန်းထွေး၏ လယ်မြေ ၁၂ ဧကတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်စိုက်ပျိုးပွဲကိုပြုလုပ်ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်ထွန်းဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကို ဆိတ်ချေးကုန်းကျေးရွာရှိ တောင်သူများ၏ လယ်မြေ ဧက ၂၀၀ ကျော်တွင် ထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သီးနှံများအထွက်နှုန်းတိုးစေရန် ဓာတ်မြေဩဇာများ နှစ်စဉ်ဆက်တိုက်လွန်ကဲစွာသုံးစွဲမှုကြောင့် မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတုပိုင်းနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ ထိခိုက်လာခြင်း၊ ဓာတုဓာတ်ကြွင်းများကြောင့် လူနှင့်သတ္တဝါများ အသက်အန္တရာယ်ထိခိုက်နိုင်ခြင်းကို ကျော်လွှားနိုင်ရန် ကြီးထွားမှုမြန်ဆန်၍ နိုက်ထရိုဂျင်ပမာဏများများ ထုတ်ပေးနိုင်သည့် ပိုက်ဆံလျှော်ကို နှံစားနှင့် အခြားသီးနှံများမစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးပါက တောင်သူများအတွက် အကျိုးများစေသည့် အပင်အမျိုးအစားဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောကြားသည်။ **ချစ်သက်လယ်(အိမ်မဲ)**

---

*စာမျက်နှာ ၁၆ မှ*

အတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့အတွက် ငွေကျပ်သိန်း ၃၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းလည်း ထည့်သွင်းပြောကြားသွားခဲ့သည်မှာ အားရကျေနပ်ဖွယ်ကောင်းလှသည်။ ယခင်နှစ်များနှင့် မတူအောင်ထိုက်တန်သည့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်မည်ကိုလည်း ကြိုတင်အသိပေးပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ်နှစ်သိန်းစီနှင့် နည်းပြတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီကိုလည်း ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ၎င်းအပြင် ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား တစ်ဦးလျှင် ဒေါ်လာ ၂၀၀ နှင့် နည်းပြတစ်ဦးလျှင် ဒေါ်လာ ၁၀၀ စီကိုလည်း ပြိုင်ပွဲသို့မသွားမီ ထပ်မံချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း ကြားသိရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာ့အားကစားအောင်မြင်မှု ရရှိရေးအတွက် ချီးမြှင့်မှုနှင့် ထောက်ပံ့ပေးမှုအစီအစဉ်များမှာ လွန်စွာကျေနပ်အားရဖွယ်ကောင်းလှပါသည်။ သို့ဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားမောင်မယ်များအနေဖြင့်လည်း ယခင်က ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ကြိုးပမ်းသွားရမည်သာဖြစ်ပါသည်။ နိုင်ငံတော်အပိုင်းက ထောက်ပံ့ချီးမြှင့်မှုရှိနေသကဲ့သို့ အားကစားသမား တစ်ဦးချင်းစီတိုင်းကလည်း နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ မြင့်မားရေးအတွက် ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားကြိုးမာန်တက် ရေကုန်ရေခန်း အားကစား သမားကောင်းစိတ်ဓာတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံတော်သားတို့အတွက် နိုင်ငံချစ်စိတ်ဖြင့် အစွမ်းကုန်ကြိုးစားကြရန်သာ လိုအပ်ပါတော့သည်။

အမိနိုင်ငံ၏အလံတော် လွင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်ရာ ပြိုင်ပွဲဝင်အားကစားသမားအားလုံးက အားသွန်ခွန်စိုက်ကြိုးစားကြပြီး ပြိုင်ပွဲကပေးသော ဆုကြေးနှင့် နိုင်ငံတော်က ဂုဏ်ပြုဆုကြေးများကို ပျော်ရွှင်စွာ လက်ခံခြင်းဖြင့် အတ္တ၊ ပရ နှစ်ဖြာဝမ်းသာ ပျော်ရွှင်ကြရမည်ဖြစ်ပါသည်။ "ထို့ကြောင့် (၃၁) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့အားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသော ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အလံ တလူလူ လွင့်ပျံနေစေရေး အစွမ်းကုန်ကြိုးပမ်း ယှဉ်ပြိုင်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါကြောင်း" နိုင်ငံတော်အကြီးအကဲက မှာကြားသွားခဲ့ပါသည်။

**အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်**

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသံန္နိဋ္ဌာန်ဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားကြရမည်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံ နေထိုင်ကြရမည်ဖြစ်ပါသည်။ အနှစ်ချုပ်ဆိုရသော် ပြိုင်ပွဲဝင်အားကစားသမားများအားလုံး အနိုင်မခံအရှုံးမပေးသည့် ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သောဖွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ကြသည့် သတင်းကောင်းကို ပြည်သူတစ်ရပ်လုံးက ကြိုဆိုမျှော်လင့်လျက်ရှိပါကြောင်း.....။ ။

မှတ်ချက်။

မေလ ၂ ရက်နေ့မြဝတီသတင်းစာမှ အယ်ဒီတာ့အာဘော်အား ကြိုဆိုထောက်ခံ၍ ဂုဏ်ပြုရေးသားခြင်း ဖြစ်ပါသည်။



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မေ ၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်ရှိ ချမ်းသာကြီး ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ရှိ ဥတ္တမာရုံစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရတနာရာမ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီ စာသင်တိုက်သို့လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၅**

(၂၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲသို့ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) တပ်မှူးဗိုလ်မှူးချုပ် ကျော်ဇင်ညွန့်၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ခင်အောင်ထွန်းနှင့် ဌာနမှူးများ၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များမှ အရိုးရောဂါ ဆေးပညာဌာန ပါမောက္ခဌာနမှူးများနှင့် အလုပ်ရုံဆွေးနွေးပွဲတွင်ပါဝင်မည့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop)ကို "AO PRINCIPlE OF FRACTURE FIXATION BASIC COURSE" ခေါင်းစဉ်ဖြင့်ပြုလုပ်သည်။ ဆေးပညာသင်ကြားရေးဌာနမှ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ဌာနမှူး များက နံနက်ပိုင်းအစီအစဉ်တွင် ဦးဆောင်ဆွေးနွေးကြပြီး နေ့လယ်ပိုင်းတွင် သင်တန်းသားများက အုပ်စုခွဲလေ့ကျင့်ခန်းပြုလုပ်ကာ အုပ်စုအလိုက် Presentation များ တင်ပြကြသည်။

အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများအနေဖြင့် ဆေးပညာသင်ကြားရေးအတွက် အရေးကြီးအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် AO PRINCIPLE OF FRACTURE FIXATION နှင့် စပ်လျဉ်းပြီး အသိအမြင်ဗဟုသုတနှင့်ကျွမ်းကျင်မှုများကို မိမိတို့ သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထိရောက်စွာအကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် တပ်မတော်ဆေးတက္ကသိုလ် Theatre ခန်းမ၌ "IMPLEMENTING APPROPRIATE STANDARD SETTING IN DSMA" ခေါင်းစဉ်ဖြင့် မေ ၆ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းအပြင် (၂၉)ကြိမ်မြောက်



မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) တို့၌ မေ ၉ ရက်မှ ၁၁ ရက်အထိ Hybird စနစ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နေပြည်တော်နှင့်ရန်ကုန်ရှိ တပ်မတော်ဆေးရုံ/ဆေးတပ်များမှ လူကိုယ်တိုင်တက်ရောက်၍ လည်းကောင်း၊ အခြားတပ်မတော် ဆေးရုံ/ဆေးတပ်များမှ Online စနစ်ဖြင့်လည်းကောင်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ကိုကိုးကျွန်းမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းဒေသများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ ပါဝင်သည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ ဒေသခံပြည်သူ ၂၈၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။**(ဝဲပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၆၅ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၈ ဦး၊ ကလေးရောဂါ ၃၂ ဦး၊ အရိုးရောဂါ ၄၃ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၅၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၇ ဦး စုစုပေါင်း ၂၈၅ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ၄ ဦးကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၆ ဦး တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

မန်စီးတီးအသင်းသည် ပထမအကျော့ အိမ်ကွင်းတွင် ရီးရဲမက်ဒရစ်အသင်းကို အနိုင်ရရှိထားသော်လည်း ယခုပွဲစဉ်တွင် ရရှိလာသည့် အပိုင်အခွင့်အရေးများကို အသုံးမချနိုင်သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ ပွဲချိန် ၇၃ မိနစ်တွင် မာရက်ဇ် မန်စီးတီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် အလှည့်အပြောင်းဖြစ်ပေါ်ခဲ့ပြီး လူစားဝင်ကစားသမား ရိုဒရီဂိုက ရီးရဲမက်ဒရစ်အသင်းအတွက် နှစ်ဂိုးဆက်သွင်းယူနိုင်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် ငါးဂိုးစီတူညီနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့ရာ အချိန်ပို ၉၅ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်းအတွက် အနိုင်သေချာစေမည့်ဂိုးကို ဘင်ဇီမာက ပယ်နယ်တီမှ တစ်ဆင့် သွင်းယူပေးနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ဗိုလ်လုပွဲအဖြစ် လီဗာပူးအသင်းနှင့် မေ ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အောင်ဇော်**

## ရွှေတောင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရွှေတောင် မေ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရွှေတောင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများကို ရွှေတောင်မြို့နယ် မြို့ပေါ် ( ၃ ) ရပ်ကွက်နှင့် ကျေးရွာအုပ်စုတို့တွင် အခြေခံကျန်းမာရေးဝန်ထမ်းများက ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။**(ယာပုံ)**

**ကိုကိုမင်း( ပြန် / ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၅-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ တောရှဲ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ခေတ်အဆက်ဆက်အသုံးပြုလာခဲ့သော ရှေးဟောင်းမီးသတ်ယာဉ်များ၏သမိုင်းကြောင်း
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'မြားထိသွားသောမုဆိုး'
**၁၃:၃၀** MRTV National News
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၃၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ဒီဗိုကရေစီစိတ်ထား'
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'တူနှစ်ကိုယ်တိုင်းပြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ဝိဝိနေ့ဒီဇ်ကိုတည်ဆောက်ကြသူများ'

**mitv**

**07:02** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:10** San Lin Tun (Winner) Lose2Win with Andy Season 2
**07:27** Atuladhipati Mahamunisacca Koe Htat Kyee Pagoda
**07:43** The Beauty In The North Of Myanmar
**08:01** Myanmar Puppeteers (Zawgyi Dance)
**08:10** Discovering Tribes: Kanan their life and customs (Part-II)
**08:33** Mhaw Yaw Gyi Elephant Camp
**08:48** MONASTERY (Shwe In - Pin Kyaung)
**09:01** News
**09:27** Global Partnership for Brighter Future: Chile Pavilion at Expo 2020 Dubai
**09:34** Myanmar Orchestra: A Blend of Arts!
**09:47** Lady Pilot

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုး-၂)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း

**ချင်း (ဖလမ်း) (၀၈:၀၀ မှ ၀၉:၀၀)**
ဆေးဖက်ဝင်သစ်ပင်

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာဆေးအိုး၊ ဆေးတံအကြောင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ညောင်ရည်သွန်းပွဲ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအမွေ(အပိုင်း-၁)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ပအိုဝ်းရိုးရာဝတ်စုံ

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
သွေးချင်းတို့ရဲ့ခေါင်လန်ပွဲ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရေတော်နေသောငှက်ကလေး(ပုံပြင်)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၃၀** အားကစားသတင်း
**၀၈:၄၅** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တစ်လင်နှင့်တစ်မယား'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ချိုချဉ်ဖန်ခါးစုံလင်လှတဲ့ကော်ဖီသီးနံ့အလှ
**၀၇:၀၀** စားသုံးသူများကျန်းမာရေး ဓာတုကင်းလွတ်စိုက်ပျိုးပေး
**၀၇:၃၅** တစ်ပိုင်တစ်နိုင် ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
**၀၈:၀၀** ဝင်ငွေရစေမည့်ကြားညှပ်သီးနှံယာကွန်
**၀၈:၁၅** ကောင်းကျိုးဝေဖြာ ပေါင်းစည်းလယ်ယာ
**၀၉:၄၀** ဝါမျိုးပြောင်းလဲသုံးစွဲခြင်းဖြင့် တောင်သူ့ဘဝမြင့်မားကြပါစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME


www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၇-၅-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် **ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ် (၁၉)** ၌ အသားငါးများကို မစားတော့ဘဲ ဟင်းသီးဟင်းရွက်ကိုပဲ စားတော့မည်ဆိုသော ဖူးလေးအကြောင်းရေးဖွဲ့ထားသည့် **"ငါးကြိုက်ခင်"** မျက်နှာဖုံးကာတွန်း၊ ထူးဆန်းသော ငါးမျိုးစိတ်အချို့အကြောင်းကို တင်ဆက်ထားသည့် **"ထူးဆန်းထွေလာ ငါးကမ္ဘာ"** သုတဆောင်းပါးကဏ္ဍ ၊ ကာတွန်း ဝင်းထွဋ်ဦး၏ မျက်နှာဝက်ဟာသကာတွန်း၊ မစူးစမ်းမဆင်ခြင်ဘဲ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းကြောင့် မိမိကိုယ်တိုင်ပါ ဒုက္ခရောက်ရပုံအကြောင်း ရေးဖွဲ့ထားသည့် **"တုံတုံနှင့် လေးချမ်း"** နှစ်မျက်နှာကာတွန်း၊ ဆရာဝန်ဆိုသည်မှာ လူနာများ၏ ဖြစ်သမျှရောဂါများနှင့် သနားစိတ်၊ ကြင်နာစိတ်နှင့် ဝေဒနာများ သက်သာပျောက်ကင်းစေရန် ကုသပေးသော အားကိုးစရာ၊ လေးစားစရာ၊ ကျေးဇူးရှင်ဖြစ်ကြောင်း တင်ဆက်ထားသည့် **"ကြင်နာတတ်ပါသည်"** ဝတ္ထုကြကဏ္ဍ၊ သူငယ်ချင်းကို ပိုက်ဆံချေးရန် သဘောတူတိုက်တွန်းပုံအကြောင်း ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် **"ဖိုးတစ်တို"**တစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိမိ၏ဆောင်ရွက်ချက်များ၊ အတွေးများ၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့သည် အမှန်တကယ် ကောင်းမွန်မှန်ကန်သည့် အစစ်အမှန်များဖြစ်ရန် မိမိ၏နှလုံးသားနှင့် ဦးနှောက်ကို အမြဲဖွင့်ထားရန်လိုအပ်ကြောင်း ရေးဖွဲ့ထားသည့် **"အစစ်နဲ့အတု"** ပုံပြင်ကဏ္ဍ အပါအဝင်




ဉာဏ်စမ်းကဏ္ဍ ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူကျမ်းစာပေ၊ ပထမဆုရ **"ဦးစိန်လှိုင်(မဟာဝိဇ္ဇာ)"** ရေးသားသည့် **"စာမရီ"** စာအုပ်ကို ၂၀၂၂ခုနှစ်မေလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံးများမှ တစ်ဆင့်လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁- ၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၁၀၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၅/၂၃၂၅ ကျပ် | ၂၃၃၅/၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၄၀/၂၃၅၀ ကျပ် | ၂၃၇၀/၂၄၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၅၅/၁၉၆၅ ကျပ် | ၁၉၉၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၁၅/၂၀၂၅ ကျပ် | ၂၀၇၀/၂၃၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၆၀ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၂၉၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၂၆ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၅၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၇၀၀ | ၂၃၅၃ | ၁၈၁၁၈၁၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၀၁၁ | ၇၉၇၉၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၀၀၀ | ၇၁၀ | ၁၂၄၂၀၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၈၀ | ၂၀၈၀၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၁၁ | ၅၅၄၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သဘာဝကပေးသည့်လက်ဆောင်ဟု တင်စားခေါ်ဝေါ်ရသည့် ဈေးကွက်ဝင် စက်မှုကုန်ကြမ်းသီးနှံ ဝဥ

## သတင်းဆောင်းပါး- နဒီမင်း၊ ဓာတ်ပုံ- ကိုအောင်(စိုက်ပျိုးရေး)

**"ဝဥက ကျွန်တော်တို့နိုင်ငံအတွက် သဘာဝကပေးတဲ့ လက်ဆောင်ပါ" ဟု ဆိုလာသူက ချင်းတိုင်းရင်းသား ကိုဆလိုင်းကျော်ပင်ဖြစ်သည်။ သူ၏ဇာတိမြေ ချင်းတို့ဌာနေသည် သဘာဝတောတောင်အလှအပများကို ပိုင်ဆိုင်ထားရုံသာမက အရည်အသွေး ကောင်းမွန်သည့် ဝဥပင်တို့ ပေါက်ရောက်ရှင်သန်ရာ၊ အဓိကဖြစ်ထွန်းအောင်မြင်ရာ ဒေသတစ်ခုဟုဆိုလျှင် မှားမည်မထင်ပေ။**

"ဝဥရဲ့သဘောတရားက ပေါင်းရှင်းပေးဖို့ပဲလိုတာ၊ ဝဥက ဓာတ်မြေဩဇာလည်း ကျွေးစရာ မလိုဘူး၊ တချို့တွေဆို ဝဥပဲစိုက်တယ်။ တစ်နှစ်တစ်နှစ်ဖော်လိုက်တာနဲ့ သိန်းရာနဲ့ချီရတာလေ"ဟု ချင်းတိုင်းရင်းသား ကိုဆလိုင်းကျော်က ပြောသည်။

### မျိုးစိတ်ပေါင်း ၈၀ ခန့်ရှိ

ကမ္ဘာပေါ်တွင် ဝဥ မျိုးစိတ်ပေါင်း ၈၀ ခန့်ရှိပြီး ဝဥကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ဂျပန်နိုင်ငံ၌ ဆေးဝါးအဖြစ် သုံးစွဲကြသည်။ ဝဥသည် သဘာဝမြေအောက်ရှိ သတ္တုဓာတ်များ ပါဝင်သော ရေ ၉၀ ရာခိုင်နှုန်း စုပ်ယူထားသောကြောင့် ကိုယ်လက်ကျန်းမာ ကြံ့ခိုင်စေသည်။ ပိန်းရိုင်းပင်များကဲ့သို့ပင် လျှာယားစေသည့် Oxalic acid ပါဝင်သည့်အတွက် အစိမ်းစား၍မသင့်ပေ။ ကုန်ချောပစ္စည်းအဖြစ် အသွင်ပြောင်း၍ မုန့်မျိုးစုံ၊ အချိုရည်၊ စားသောက်ကုန်၊ အလှကုန်၊ စက်မှုကုန်ကြမ်း၊ တိုင်းရင်းဆေးဝါးနှင့် ခေတ်မီ ဆေးဝါးများစွာ ထုတ်လုပ်လျက်ရှိသည်။

ဝဥ၏ မူရင်းဒေသမှာ အရှေ့တောင်အာရှဒေသဖြစ်ပြီး အပူပိုင်း အာရှ၊ အာဖရိကနှင့် အင်ဒိုချိုင်းနား ကျွန်းဆွယ်တို့တွင် သဘာဝအလျောက် ပေါက်ရောက် ရှင်သန်ကြပြီး မြန်မာနိုင်ငံတွင် တွေ့ရသည့် ဝဥမျိုးများတွင် Glucoman nan ၆၀ ရာခိုင်နှုန်းကျော် ပါဝင်သဖြင့် အခြားအာရှဒေသများက ထွက်ရှိသည့် ဝဥများထက်ပင် အရည်အသွေးသာလွန်ထူးကဲကောင်းမွန်သည်ဟု ဆိုရမည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံက ထွက်ရှိသည့် ဝဥများကို တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများက အထူးကြိုက်နှစ်သက် ဝယ်ယူကြသည်။

"အဓိကက ချင်းပြည်နယ်မှာထွက်တဲ့ တောင်ပေါ်ဒေသမျိုး ပန်းရောင်မျိုးနဲ့ ပဲခူးရိုးမတစ်လျှောက်မှာ ထွက်တဲ့ အဝါရောင်မျိုးတွေက Glucoman- nan ပါဝင်မှုက သူ့စံထားသတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန်နေတယ်။ အညာဒေသဘက်က အဖြူရောင်ကတော့ Glucoman-nan ပါဝင်မှု နည်းတယ်။ ကျွန်တော်တို့နိုင်ငံက တကယ်တော့ ကုန်ချောက အလိုလို ကောင်းပြီးသား ဖြစ်နေတယ်။ အဲဒါကြောင့် ဘုရားပေးတဲ့ လက်ဆောင်လို့ ပြောကြတာ" ဟု စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ ညောင်နှစ်ပင်စိုက်ကွင်းမှ ခြံတာဝန်ခံ ဦးအောင်သွင်ကိုက ပြောသည်။



တောင်ပေါ်ဒေသရှိ ဝဥစိုက်ခင်းတစ်ခင်း။

- **ဝဥမျိုးများ စိုက်ပျိုးရာတွင် တစ်ကေလျှင် စိုက်ပျိုးကုန်ကျငွေကျပ်သိန်း ၅၀ ခန့် ရင်းနှီးရပြီး ပြန်ရငွေမှာ မြေအခြေအနေနှင့် ပြုစုမှုပေါ်မူတည်၍ ငွေကျပ် သိန်း ၈၀ မှ ၁၀၀ ကြား အမြတ်ရနိုင်သည့် သီးနှံမျိုးဖြစ်**
- **တောင်သူများအနေဖြင့် ဈေးကွက် ပြန်လည်ဦးမော့လာချိန်တွင် ပို့ကုန်ဈေးကွက်၌ မျက်နှာပန်းလှစွာ တင်ပို့နိုင်ရေးအတွက် ဝဥစိုက်ရာသီချိန်တွင် မိမိတို့ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးထားသင့်**

ဝဥကို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ဝဥ စိုက်ပျိုးလာသဖြင့် ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် ဝဥ စိုက်ဧက သိန်းနှင့်ချီ ရှိလာပြီဖြစ်သည်။

### ရေငတ်ဒဏ်ခံနိုင်

ဝဥသည် အစိုဓာတ်ထိန်းထားနိုင်ပြီး မြေဆွေးဓာတ်များသော နုန်းမြေ၊ သစ်တောမြေနှင့် ရေစီးရေလာကောင်းသော ရေမဝပ်သော မြေအမျိုးအစားတွင် ရှင်သန်ပေါက်ရောက် ကြီးထွားနိုင်သည်။ ရေငတ်ဒဏ်ခံနိုင်သော်လည်း ရေဝပ်လျှင် ဥပုပ်တတ်ပြန်သည်။ မြေငန်ကို ကြိုက်နှစ်သက်မှု မရှိပေ။

ပူနွေးစွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး မိုးရေချိန် ၆၀ လက်မမှ ၁၂၀ လက်မကြား၊ အပူချိန် ၂၅ ဒီဂရီမှ ၃၅ ဒီဂရီစင်တီဂရိတ်၊ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ နှင့် ၅၀၀၀ ကြား စိုက်ပျိုးနိုင်သည်။ ပင်လယ်ရေမျက်နှာပြင် ပေ ၂၅၀၀ နှင့် အထက်စိုက်ပျိုးပါက အရိပ်မလိုပေ။ ပေ ၁၀၀၀ အောက် စိုက်ပျိုးပါက ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းကြား အရိပ်ရရန်လိုအပ်ပေသည်။

ဝဥကို နှစ်ရှည်စိုက်ခင်းများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ ဆီအုန်း စသည့်စိုက်ခင်းများတွင် ဝင်ငွေရ ကြားသီးနှံအဖြစ် စိုက်ပျိုးနိုင်သကဲ့သို့ သီးသန့်စိုက်ခင်းများအဖြစ်လည်း စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံတွင် ပူပြင်းခြောက်သွေ့သော ဒေသမှလွဲ၍ နိုင်ငံအနှံ့ အလေ့ကျပေါက်ရောက်နိုင်သော်လည်း အချိန်မတိုင်မီ ရိတ်သိမ်းမှုများကြောင့် သဘာဝပေါက်သော ဝဥများမှာ မျိုးတုံးလုနီးပါးဖြစ်လာခဲ့သည့်အတွက် ၂၀၀၇ ခုနှစ်မှ စတင်ကာ စနစ်တကျ စိုက်ခင်းများအဖြစ် စမ်းသပ် စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။

"ဝဥက သဘာဝအတိုင်းပေါက်တဲ့အခါမှာ ဒီအပင်ဒီနေရာမှာ ရှိတယ်ဆိုတာ အပင်ကျသွားတာနဲ့ ဥက ရှာမတွေ့တော့ဘူး၊ တူးတဲ့အခါ အဆင်မပြေတာတို့ အရည်အသွေးမကောင်းတာတို့ ဖြစ်တဲ့ အခါကျတော့ ကိုယ့်ခြံထဲမှာကိုယ်စိုက်တဲ့ အခါကျတော့ မှတ်ထားပြီးတော့ တူးဖော်လို့ ရတာပေါ့"ဟု ဦးအောင်သွင်ကိုက ပြောသည်။

### နည်းမျိုးစုံဖြင့် မျိုးပွားနိုင်

ဝဥကို ပန်းခိုင်မှလည်းကောင်း၊ ရွက်သီးမှလည်းကောင်း၊ ဥမှ လည်းကောင်း နည်းမျိုးစုံဖြင့် မျိုးပွားနိုင်သည်။ ပန်းခိုင်သီးများကို စိုက်ပျိုးရာတွင် သဲစိုပေါင်များ သဲအိတ်များဖြင့် ပျိုးထောင်စိုက်ပျိုးရမည်ဖြစ်ပြီး ဈေးကွက်ဝင် ဝဥရရှိရန် အချိန်ကာလအားဖြင့် လေးနှစ်ခန့်လိုအပ်သည်။

ရွက်သီးများကို စိုက်ပျိုးရာတွင် ဈေးကွက်ဝင် ဝဥ ဖြစ်လာရန် အချိန်ကာလအားဖြင့် နှစ်နှစ်မှ သုံးနှစ်ခန့်လိုအပ်သည်။

ဥများကို စိုက်ပျိုးရာတွင် ၂၅ ကျပ်သားအရွယ် ဥများကို စိုက်ပျိုးခြင်း၊ တစ်ပိဿာခန့်ရှိဥများကိုလေးစိတ်စိတ်ပြီး ပြာလူး၍သော်လည်းကောင်း၊ ထုံးသုတ်၍ သော်လည်းကောင်း စိုက်ပျိုးခြင်း၊ မျိုးဥကွဲများကို တစ်လုံးစီဖဲ့၍ စိုက်ပျိုးခြင်း စသည်ဖြင့် အမျိုးမျိုးရှိပြီး နှစ်ချင်း ဈေးကွက်ဝင် ဝဥမျိုးကို ရရှိနိုင်သည်။

"ဝဥက ပန်းခိုင်ကလည်း ပြန်ပေါက်တယ်၊ ရွက်သီးကြွေကျရင်လည်း ပြန်ပေါက်တယ်။ ဥကနေလဲ ပြန်ပေါက်တယ်။ သခင်မစွန့်တဲ့ သီးနှံလို့ ဒါကြောင့် ခေါ်ကြတာ" ဟု ဦးအောင်သွင်ကိုက ပြောသည်။

ရိတ်သိမ်းပြီး ဝဥများကို ကုန်ချောထုတ်လုပ်မည့် စက်ရုံသို့မပို့မီ(သို့မဟုတ်) မျိုးအဖြစ် ပြန်လည်အသုံးမပြုမီ လေဝင်လေထွက်ကောင်းပြီး အေး၍ခြောက်သွေ့သော နေရာ၌ သိုလှောင်ထားသင့်သည်။

*စာမျက်နှာ ၂၁ သို့*





ဝဥရွက်သီးနှင့် ဝဥများ။

# မြို့နယ်များ၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားများ ကျင်းပ

၂၀၂၂ ခုနှစ် မေ ၅ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအခမ်းအနားများကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်များ၌ ကျင်းပသည်။

## စစ်တွေ

ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ယနေ့နံနက် ၇ နာရီက (၇၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း က (၇၆) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် စစ်တွေမြို့ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြသခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာသူများက မီးငြိမ်းသတ်ရေးပစ္စည်းနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## နတ်တလင်း

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦး က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ အမှာစကားကို ဖတ်ကြားသည်။

ထို့နောက် ခရိုင်အဆင့်ကျင့်ဝတ်ပထမ ဆုရတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်း၊၂၀၂၀- ၂၀၂၁ ခုနှစ် ဘတ်ဂျက်အတွင်းရရှိခဲ့သော အရန်မီးသတ်တူညီဝတ်စုံပေးအပ်ခြင်း၊ အရန်တပ်ဖွဲ့တွင် စေတနာ၊ ဝါသနာ၊ အနစ်နာခံ တာဝန်ထမ်းဆောင်ခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးမိုးအောင်ထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဟိုပန်

ရှမ်းပြည်နယ်မြောက်ပိုင်း “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်က (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆုများနှင့် ရာထူးတိုးမြှင့်ခြင်းခံရသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ရာထူးတံဆိပ်တပ်ဆင်ပေးခဲ့ကာ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဟိုပန်ခရိုင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည် ပြသမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဟိုပန်ခရိုင် မီးသတ်တပ်ဖွဲ့စခန်းရှိ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသထားမှုကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြပြီး ပစ္စည်းအမျိုးအမည်နှင့် အသုံးပြုပုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ခိုင်က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဟိုပန်မြို့(၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား၌ မီးငြိမ်းသတ်မှု သရုပ်ပြသစဉ်။

## မိုးမိတ်

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၌ (၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို နံနက် ၉ နာရီက ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၆) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က ဖတ်ကြားသည်။

ဆက်လက်ပြီး အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်မှုစွမ်းရည်ပြသခြင်း၊ ရှာဖွေကယ်ဆယ်ရေးစွမ်းရည်ပြသခြင်း မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတို့တွင် အသုံးပြုသော ခေတ်မီကိရိယာများပြသခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်အောင်

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် မိသားစုများ စုပေါင်း၍ မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်ရှိ မင်းကန်ကြီးကန်၌ ရေမြောင်းတူးဖော်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် မြန်အောင်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးကိုကိုသူ ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြန်အောင်မြို့ အမှတ် (၄) ရပ်ကွက်ရှိ မင်းကန်ကြီးကန်၌ ရေမြောင်းတူးဖော်ခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **ဝင်းဗိုလ် (မြန်အောင်)**

## မိုင်းဆတ်

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ (၇၆)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဟိန်းကျော်က မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူမျိုးဘာသာမရွေး ပရဟိတစိတ်ဓာတ်ဖြင့် ကူညီကယ်ဆယ်ခြင်းကြောင့် လေးစားဂုဏ်ပြုပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်နိုင်ဝင်းက ပြည်နယ်အဆင့် မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ပြည့်ဖြိုးအား ထပ်ဆင့်ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်တော်

ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ (၇၆)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကစ္ဆပနဒီခန်းမ၌ ကျင်းပသည်။

အဆိုပါ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က ဖတ်ကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် လုပ်သားပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးကနေ ခေတ်အဆက်ဆက် ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာရပ်တည်လာခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၇၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် စွန့်လွှတ်မှုပေါင်းများစွာဖြင့် ဆောင်ရွက်ခဲ့ကြသည့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ချီးကျူးဂုဏ်ပြုပါကြောင်း ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့၏ရည်မှန်းချက်တာဝန် (၄)ရပ်ကို အကောင်အထည်ဖော်ကာ မီးသတ်သမားကောင်းတစ်ယောက်ထားရှိရမည့် ခိုင်မာတည်ကြည် ရဲဝံ့စွန့်စားစိတ်၊ အတွေ့အကြုံရင့်ကျက်ပြီး နည်းပညာပြည့်ဝဖို့ စဉ်ဆက်မပြတ် ကြိုးစားလေ့ကျင့်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **ခင်မောင်ထွန်း**

*စာမျက်နှာ ၂၀ မှ*

“ဝဥ ကုန်ကြမ်းတွေကို အမှုန့်ကြိတ်မယ်ဆိုရင် ကစီဓာတ်ပါတဲ့ ပေ့ါပါးတဲ့ အမှုန့်နဲ့ အလေးချိန်ရှိတဲ့ Glucoman- nan ဆိုပြီး နှစ်မျိုးထွက်လာမယ်။ Glu- coman- nan ပါဝင်တဲ့ အမှုန့်တွေကတော့ ပြည်ပကို ကုန်ချောထုတ်လုပ်ဖို့ အတွက် တင်ပို့ပါတယ်။ ကျန်တဲ့ ပေ့ါပါးတဲ့ အမှုန့်တွေကတော့ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုပါတယ်”ဟု ဦးအောင်သွင်ကိုက ပြောသည်။

ဝဥစိုက် တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့် ရွေးချယ်နိုင်ရေး ကူညီဆောင်ရွက်လျက်ရှိသည့်အပြင် နည်းပညာပံ့ပိုးမှုများ၊ တောင်သူပညာပေး သင်တန်းများကို နေရာဒေသအနှံ့ ပို့ချပေးလျက်ရှိသည်။

“ချင်းပြည်နယ်က မျိုးကောင်းတယ်ဆိုပြီး ရန်ကုန်ကိုယူစိုက်ရင် အရည်အသွေးက မမီတော့ဘူး။ တောင်ပေါ်ဒေသတွေမှာ ကောင်းတယ်ဆိုပေမယ့် မြေပြန့်မှာ စိုက်တဲ့အခါ ဈေးကွက်မမီဖို့ အလွန်ကြာတယ်။ သူ့ဒေသအလိုက် သင့်တော်တဲ့ မျိုးကိုပဲ စိုက်ရမှာ၊စိုက်ချင်လို့ သိလိုတာရှိရင် စိုက်ပျိုးရေးဌာနကို ဆက်သွယ်လို့ ရပါတယ် ” ဟု ဦးအောင်သွင်ကိုက ပြောသည်။

**စက်မှုကုန်ကြမ်းသီးနှံ**

ဝဥသည် အခြားသီးနှံ မဖြစ်ထွန်းသည့် နေရာဒေသများတွင် အစားထိုးသီးနှံအဖြစ် စိုက်ပျိုးရသည့် သီးနှံမျိုးကားမဟုတ်ချေ။ နှစ်ရှည် စိုက်ခင်းများအကြား ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သောကြောင့် စိုက်ပျိုးသင့်သော စက်မှုကုန်ကြမ်းသီးနှံဖြစ်သည်။

“မြန်မာတစ်နိုင်ငံလုံးမှာ ဝဥ စိုက်လို့မရတဲ့ နေရာရယ်လို့တော့ မရှိဘူး၊ ဝဥတို့ ပီလောပီနံတို့ဆိုတာက သူ့ရဲ့ မူလဇာစ်မြစ် စိုက်ပျိုးဒေသမှာ မြန်မာနိုင်ငံပါတယ်။ ဘယ်မှာစိုက်စိုက် စိုက်လို့ရတယ်ဆိုပေမယ့် ဈေးကွက်ဝင်ဖို့တော့ လိုလိမ့်မယ်။ အရည်သွေးပြည့်တဲ့ ပို့ကုန်ဖြစ်ဖို့ နိုင်ငံတကာ ဈေးကွက်ဝင်ဖို့ဆိုရင် ပြုစုပျိုးထောင်မှု နည်းစနစ်မှန်ဖို့ လိုပါတယ်။ အရင်းများတဲ့အတွက် စီးပွားဖြစ်စိုက်မယ်ဆို သေချာလေ့လာပြီး စိုက်ဖို့လိုတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာနမှ ဦးအောင်သွင်ကိုက အကြံပြုပြောကြားသည်။



ဈေးကွက်သို့ တင်ပို့မည့် ဝဥခြောက်အိတ်များ။

တောင်သူများအနေဖြင့် တစ်နှစ်အတွင်း ဈေးကွက်ဝင်သည့် ဝဥမျိုးများ စိုက်ပျိုးရာတွင် တစ်ဧကလျှင် စိုက်ပျိုးကုန်ကျငွေကျပ်သိန်း ၅၀ ခန့် ရင်းနှီးရပြီး ပြန်ရငွေမှာ မြေအခြေအနေနှင့် ပြုစုမှုပေါ်မူတည်၍ ငွေကျပ် သိန်း ၈၀ မှ ၁၀၀ ကြား အမြတ်ရနိုင်သည့် သီးနှံမျိုးဖြစ်သည့်အတွက် အရင်းကြီးသလို အမြတ်လည်း ကြီးသည့် သီးနှံမျိုး ဖြစ်သည်။

တရုတ်၊ ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ စသည်ဖြင့် ပြည်ပပို့ကုန် ဈေးကွက် အခိုင်အမာရရှိပြီးဖြစ်သည့် ဝဥသည် ကိုဗစ်-၁၉ ရောဂါနှင့် ဝဥစိုက်ပျိုးရာ နေရာဒေသ အချို့တွင် ဝဥ စိုက်ပျိုးရန်နှင့် စိုက်ပျိုးပြီး ဝဥများကို မျိုးအတွက် ဥများတူးဖော်ရန် နယ်မြေဒေသ မတည်ငြိမ်မှုများကြောင့် လက်ရှိအချိန်တွင် ဈေးကွက်အခြေအနေမှာ အေးလျက်ရှိသည်။

သို့ရာတွင် မြန်မာနိုင်ငံအတွင်းရှိ ဝဥစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသများမှ တောင်သူများအနေဖြင့် ဈေးကွက် ပြန်လည် ဦးမော့လာချိန်တွင် ပို့ကုန်ဈေးကွက်၌ မျက်နှာပန်းလှစွာ တင်ပို့နိုင်ရေးအတွက် ဝဥစိုက်ရာသီချိန်တွင် မိမိတို့ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးထားသင့်ပေသည်။ ။





# ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် မေ ၅**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၆ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်သည်။ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်သော်လည်း အားကစားနည်းအချို့ကို ဖွင့်ပွဲရက်ထက်မတိုင်မီစော၍ ပြုလုပ်ခြင်းဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက အားကစားနည်း ၂၀ တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဖွင့်ပွဲရက်မတိုင်မီ ဘောလုံး၊ ဖူဆယ်၊ ဒိုင်ဗင်၊ စစ်တုရင်၊ ကစ်ဘောင်ဆင်၊ Kurash၊ ပန်ကြပ်ဆီလတ်၊ အပြည်ပြည်ဆိုင်ရာလှေနှင့် သဲသောင်ပြင် Handball ပြိုင်ပွဲတို့ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဘောလုံး၊ ဖူဆယ်၊ စစ်တုရင်၊ Kurash နှင့် အပြည်ပြည်ဆိုင်ရာလှေပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မေ ၆ ရက်တွင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကစ်ဘောင်ဆင်နှင့် သဲသောင်ပြင် Handball ပြိုင်ပွဲတို့ ပြုလုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အုပ်စုပထမပွဲကို မေ ၈ ရက်မှသာ စတင်ကစားရမည်ဖြစ်သည်။

ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ် မေလသို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ **ရဲရင့်လွင်**

# ဘူးသီးတောင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း( VDP) ကျေးရွာရွေးချယ်ရေးအခမ်းအနား ကျင်းပ

**ဘူးသီးတောင် မေ ၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျင်းပသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( VDP) ကျေးရွာရွေးချယ်ရေးအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျေးလက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလှိုင်က ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း( VDP)ကျေးရွာများအဖြစ် ရွေးချယ်ခံရသည့် ကျေးရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျပ်သိန်း ၁၀၀ ထည့်ဝင်မည်ဖြစ်ပြီး ရွေးချယ်ခံရသည့် ကျေးရွာများမှလည်း မိမိတို့ထည့်ဝင်ငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် လမ်း၊ တံတား၊ အဆောက်အအုံများ ဆောက်လုပ်သွားရမည်ဖြစ်ပြီး ကျေးရွာအတွင်း ချက်ချင်းလက်ငင်း အကျိုးခံစားရမည့်ကဏ္ဍများကို ပြောကြားပြီး ရွေးချယ်ခံကျေးရွာ စာရင်းများအား ကြေညာပေးကာ ရွေးချယ်ခံကျေးရွာများမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်နှင့် ကျေးရွာများမှ ထည့်ဝင်ငွေစသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ငြိမ်းချမ်းဦးက ရွေးချယ်ခံရသည့် ကျေးရွာများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် အကောင်အထည်များကို အောင်မြင်စွာဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**လှကျော်(ပြန်/ဆက်)**







## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၅၂)၊ ကင်မလင်းကျွန်း(စံပြ)ကွင်း၊ ဦးပိုင်အမှတ် (F-၃၉၀)၊ ဧရိယာ(၀.၀၅၅)ဧကအတွင်းမှ ဧရိယာ (၀.၀၅၀)ဧကရှိ မြို့မြေကို ဦးသန်းစိုး အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းဖော်ပြ၍ ကာယကံရှင်ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့**

## ဈေးဆိုင်ခန်းအမည်ပြောင်းလဲခြင်း ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ မြို့နယ်စည်ပင်သာယာရေးဌာနပိုင်၊ မန်ဆူဈေး၊ (၃)ထပ် လူနေဆိုင်ခန်းရှိ ဈေးရုံအမှတ် SH(C)၊ ဆိုင်ခန်းအမှတ်(၄)အား ရပ်ကွက်(၈)၊ လားရှိုးမြို့နေ ဦးဘုန်းမြင့်သူ (၁၃/သပန(နိုင်)၀၀၀၅၀၉)နှင့် ဒေါ်အေးလင်း(၁၃/မဆတ(နိုင်)၀၃၀၂၇၃) အမည်ပေါက်မှ အဆိုပါဆိုင်ခန်းအား ဒေါ်အေးလင်း(၁၃/မဆန(နိုင်)၀၃၀၂၇၃) တစ်ဦးတည်းအမည်သို့ ဈေးဆိုင်ခန်းအမည်ပြောင်းလဲ မှတ်ပုံတင်လိုကြောင်း ပိုင်ဆိုင်မှုအထောက် အထားများ နှင့်အတူ တင်ပြလျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက လျှောက်ထားသူအမည်အတိုင်း ပြောင်းလဲမှတ်ပုံတင်သွားမည်ဖြစ် ပါကြောင်း ကြေညာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/2303, Nissan Clipper U 72 T Pick Up (4x4) အမည်ပေါက်သူ ဦးခိုင်လင်းထွန်း ၁၂/စခန(နိုင်)၀၅၈၈၇၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/9629, SUZUKI Carry DA 21 TPick Up(4x2)L အမည်ပေါက်သူ FACE 24 Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း၊ သုံးထပ်ခွဲတိုက်၊ တိုက်အမှတ်(၁၄/က-၅)၊ မြေညီထပ်(ခြေရင်း)ဟု ခေါ်တွင်သော (၂၃x၆၉)ပေ အကျယ်ရှိ တိုက်ခန်းနှင့် တိုက်ခန်းတွင်တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်မင်းသိန်း ၁၂/လမန(နိုင်)၀၀၂၉၄၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင် ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အင်ကြင်းအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၆)**
**အမှတ်(၂၄)၊ ရန်ကုန်-အင်းစိန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၁၅၂၀၅၈**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၅-၂၀၂၂ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၃၁ ပါ အများသိစေရန် ကြေညာခြင်း၌ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့၊ ပေါ်မိုင်းရပ်၊ သာစည်ရွာ၊ နောင်ရိုးလမ်းရှိ ကိုကျော်ဝင်းဖြိုးအစား ကိုကျော်ဇင်ဖြိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က၊ ပုဒ်မခွဲ (က) အရ ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကို အခွန်ထမ်းပြည်သူများ ရှင်းလင်းလွယ်ကူစွာလိုက်နာဆောင်ရွက်နိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန၏ (၁၆-၁၁-၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈၉/ ၂၀၂၁ ဖြင့် ထုတ်ပြန် အသိပေးပြီး ဖြစ်ပါသည်။

၂။ အမိန့်ကြော်ငြာစာအမှတ် ၃၈၉/ ၂၀၂၁ တွင် အောက်ပါနည်းလမ်းများကို နမူနာဖြစ်စဉ် များနှင့်တကွ ထည့်သွင်းဖော်ပြထားသည့်အပြင် အမိန့်ကြော်ငြာစာပါသတ်မှတ်ချက်နှင့်အညီ မိမိတို့တွက်ချက်သတ်မှတ်ထားသည့် **အခွန်ပမာဏကိုပြောင်းလဲသတ်မှတ်ပေးရန် လျှောက်ထားခွင့်ရှိသည့် အခြေအနေများနှင့် လျှောက်ရမည့်ကာလသတ်မှတ်ချက်**တို့ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်-

(က) ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ရန် တွက်ချက်ရမည့်နည်းလမ်း၊

(ခ) သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်နှင့်စပ်လျဉ်းသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်းဆိုင်ရာနည်းလမ်း။

၃။ အခွန်ထမ်းပြည်သူများအနေဖြင့် ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများကို ပြည့်စုံစွာသိရှိလိုပါက https://www.ird.gov.mm/sites/default/files/389-2021.pdf တွင် ဝင်ရောက်လေ့လာနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်၊ ဖုန်းနံပါတ် - ၀၆၇- ၃၄၃၀၅၃၃၊ ၀၆၇- ၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့၊ အမှတ်- ၁၂၈/၁၃၂ (ဒုတိယထပ်နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်းနံပါတ်- ၀၁- ၈၃၈၉၃၁၁၊ ၀၁- ၈၃၈၉၃၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး၊ ဖုန်းနံပါတ်- ၀၂- ၄၀၃၀၁၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊ အခွန်ဆိုင်ရာဝန်ဆောင်မှုများကို အရည်အသွေးပြည့်ဝစွာဆောင်ရွက်နိုင်ရန်နှင့် အခွန်ထမ်းမှတ်ပုံတင်အမှတ်သတ်မှတ်ခြင်းလုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ် များနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ ကို (၃၁-၃-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန် ခဲ့ပြီး ဖြစ်ပါသည်။

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၂ အရ ပုဂ္ဂိုလ်စု/ အဖွဲ့အစည်းများ၏ အခွန်ထမ်းမှတ်ပုံတင်အမှတ် နောက်ဆုံးထားလျှောက်ထားရမည့် သတ်မှတ်ရက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၁-၄-၂၀၂၂ ရက်နေ့မတိုင်မီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီး အခွန်ထမ်းမှတ်ပုံတင်အမှတ် (Taxpayer Identification Number) သတ်မှတ်ခြင်း မပြုရသေးသည့် ပုဂ္ဂိုလ်စု/ အဖွဲ့အစည်း ဖြစ်ပါက ၃၀-၆-၂၀၂၂ ရက်နေ့ နောက်ဆုံးထားလျှောက်ထားရန်၊

(ခ) (၁-၄-၂၀၂၂) ရက်နေ့မှစ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ပြီးသည့် ပုဂ္ဂိုလ်စု/အဖွဲ့အစည်းများဖြစ်ပါက မှတ်ပုံတင်ပြီးသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း၌ လျှောက်ထားရန်။

